ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့၊ (24-3-2008) (၅၆၃၂)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူများ၏ စွမ်းပကား

တပ်မတော်က နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို အောင်မြင်စွာ တည်ဆောက်နိုင်ခြင်းဟာ ပြည်သူတွေရဲ့ စွမ်းပကားကြောင့်ပဲ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

မိမိနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေတစ်စွာ စုပေါင်းညှိနှိုင်း ရေးဆွဲထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ကိုယ်ပိုင်အနှစ် အခြေခံဥပဒေကြီးဖြစ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်စလုံး ပြီးစီးအောင်မြင်အောင် ပြည်သူအားလုံး ပူးပေါင်းအကောင်အထည်ဖော်

နေပြည်တော် မတ် ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်ခဲ့သော ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ခပေါင်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

ကြေးမုံ The Mirror (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဖွံ့ဖြိုးရေးဓာတ်ပုံကဏ္ဍ အညွှန်း

☆ *"တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ"* (ဓာတ်ပုံကဏ္ဍ) စာမျက်နှာ–၅

☆ *"တပ်မတော်၏သမိုင်းသည် စစ်ရေးသမိုင်းမျှသာမက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ရေးကာကွယ်မှုသမိုင်း၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးသော၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေးသမိုင်းလည်း ဖြစ်သည်။"*

ခိုင်ထက်အောင်၏ **"ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်မည့်တပ်မတော်"** (ဆောင်းပါး) စာမျက်နှာ–၆၊၇

☆ ဇော်မင်းမင်းဦး၏ **"ကြွနိုင်တည်တံ့ပါစေသော်"** (ကဗျာ) စာမျက်နှာ–၇

☆ ကောင်းထက်၏ (ကာတွန်း) စာမျက်နှာ–၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၄–၃–၂၀၀၈
(တနင်္လာနေ့)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးလက်ကျောက်ချောလမ်းများ တိုးချဲ့ဖွင့်လှစ် မြို့ပြနှင့်ကျေးလက် ဆက်သွယ်သွားလာရေး တိုးတက်

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ်အတွင်းရှိ သစ်ပုတ်ကုန်း– ကွင်းပေါက်ကြီး ကျေးလက်ကျောက်ချောလမ်းသစ်ကို မတ်လ ၁၇ ရက်နေ့က ဖွင့်လှစ်လိုက်သည်။

သစ်ပုတ်ကုန်း–ကွင်းပေါက်ကြီး ကျောက်ချောလမ်းသစ်မှာ အရှည်နှစ်မိုင်ကျော်ရှိပြီး ပုသိမ်–ငွေဆောင် ကားလမ်းမကြီးသို့ ဆက်သွယ်ထားသည်။ အဆိုပါလမ်း ဖောက်လုပ်ပြီးစီးသွားသဖြင့် သစ်ပုတ်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခုနစ်ရွာနှင့် ကွင်းပေါက်ကြီးကျေးရွာအုပ်စုအတွင်းရှိ ကွင်းပေါက်ကြီးနှင့် အိမ်ချောင်းလေးကျေးရွာတို့မှ ပြည်သူများ ရန်ကုန်မြို့နှင့် ပုသိမ်မြို့သို့ ရာသီမရွေး သွားလာနိုင်ကြပြီဖြစ်သည်။

အလားတူ ပုသိမ်မြို့ တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ရုံးလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ၊ အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းတိုးချဲ့ဖွင့်ပွဲများကိုလည်း ကျင်းပခဲ့ရာ ပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်လျက်ရှိသည်။ အဆိုပါလမ်းများကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေနှင့် ပြည်သူလူထု ထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ များ၏ ကြိုးပမ်းမှုဖြင့် နိုင်ငံတစ်ဝန်း၌ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်း မိုင်နှစ်ရာကျော်နှင့် ကျေးလက်လမ်း မိုင်နှစ်ထောင်ကျော်ကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးအတွက် လမ်းသစ်၊ တံတားသစ်များစွာကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနေသည်။ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကိုလည်း ဖြည့်ဆည်း ဖော်ဆောင်ပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် ခရိုင်ချင်းဆက်လမ်းများ၊ မြို့ပြနှင့်ကျေးလက်ဆက်သွယ်သည့်လမ်းများ၊ ကျေးလက်ဒေသ ကျောက်ချောလမ်းသစ်များ တိုးချဲ့ဖောက်လုပ် အဆင့်မြှင့်တင်ပေးလျက်ရှိရာ မြို့ပြနှင့်ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်လာမှုနှင့်အတူ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာနေပြီ ဖြစ်ပါသည်။ ။

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တနင်္သာရီတိုင်းနှင့် မြိတ်ခရိုင်၊ မြို့နယ်တို့မှ တိုင်း၊ ခရိုင်၊ မြို့နယ် အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်း၊ခရိုင်၊မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ

ရန်ကုန် မတ် ၂၃

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြိတ်မြို့ရှိ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းနှင့် မြိတ်ခရိုင်၊မြို့နယ်တို့မှ တိုင်း၊ခရိုင်၊မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲ အခမ်းအနားတွင် တနင်္သာရီတိုင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းဆွေ၊ ခရိုင်နှင့်မြို့နယ်တို့မှ အတွင်းရေးမှူးများနှင့် စည်းရုံးရေးမှူးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြည်သူ့အကျိုးပြုများနှင့် စည်းရုံးရေး ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့က တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

➪ ကျောဖုံးမှ

စီ၏ဘဝများနှင့် ပေါင်းစပ်ရေးဖွဲ့ထားခြင်းကိုလည်း ချစ်ခြင်းမေတ္တာ သံယောဇဉ်တွေနဲ့ ခြယ်မှုန်းတင်ပြထားခြင်းလည်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခု **"သစ္စာမော်ကွန်း"** ရုပ်မြင်သံကြားဇာတ်လမ်းမှာ ယခင်က **"ကျွန်းတစ်ထောင် နှလုံးသား"** အမည်ဖြင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သောဝတ္ထုလည်းဖြစ်သည်။ ထိုဝတ္ထုကို တင်အောင်စိုး (ပန်းမြို့တော်)က ကိုယ်တိုင် ဇာတ်ညွှန်းရေးပြီး ယခု တပ်မတော်နေ့ ဂုဏ်ပြုအထိမ်းအမှတ် ရုပ်ရှင်ဇာတ်ကား ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ယခုဇာတ်လမ်းမှာလည်း ရှမ်းပြည်နယ် ကျိုင်းတောင်းရေတံခွန်သွားရာလမ်းရှိ ကျေးရွာတစ်ရွာ၌ ဗိုလ်ကြီးတင်အောင်စိုး ဗိုလ်ဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့စဉ် ကျေးရွာမိသားစုတစ်စုကို အခြေခံကာရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။တိုင်းရင်းသားများနှင့် တပ်မတော်သားတို့၏သံယောဇဉ်များကိုလည်းယခုဇာတ်ကား၌ ထည့်သွင်းထားသည်ကို တွေ့ရမည်ဖြစ်သည်။

"သစ္စာမော်ကွန်း" ဇာတ်ကားနှင့် ပတ်သက်ပြီး ဇာတ်လမ်းအကျဉ်းကို မေးမြန်းရာ တင်အောင်စိုး (ပန်းမြို့တော်) က "တက္ကသိုလ်ကျောင်းသားဘဝကို အခြေခံပြီးနောက် တပ်မတော်အရာရှိဘဝ၊ ချစ်သူနဲ့ဝေးကွာမှု၊ စစ်ဆင်ရေး ဆောင်ရွက်ချိန်မှာ ချစ်သူနဲ့ပြန်တွေ့၊ ချစ်သူရဲ့ အစ်ကိုက သောင်းကျန်းသူ ခေါင်းဆောင်ဖြစ်နေ၊ ချစ်သူက အစ်ကိုဖြစ်သူ အလင်းဝင်အောင် ကြိုးစားမှု၊ တိုက်ပွဲတွေနဲ့ နောက်ဆုံး အစ်ကိုဖြစ်သူ အလင်းပြန်ဝင်လာခဲ့ပုံတွေကို ဇာတ်အိမ်ဖွဲ့ထားတာပါ"ဟု ရှင်းပြသည်။

ယခုထုတ်လွှင့်ပြသတော့မည့် **"သစ္စာမော်ကွန်း"** ဇာတ်ကား၌ မှတ်မှတ်ရရ စကားလုံးများကို မေးမြန်းရာ" ဗိုလ်ကြီးနေဦးနဲ့ တပ်ကြပ်ကြီးမျိုးချစ်တို့ ရွာဦးဘုန်းတော်ကြီးထံ လှူဖွယ်ပစ္စည်းတွေ သွားရောက်လှူဒါန်းတဲ့အခါ အဲဒီဘုန်းတော်ကြီးက ၁၉၆၂ ခုနှစ်က မင်္ဂလာဒုံတပ်မြို့မှာ ရှင်ဇနကာဘိဝံသ ဟောကြားခဲ့တဲ့ **"စစ်တပ်တရားတော်"** ထဲက ဟောကြားခဲ့တဲ့ ရှေးမင်းကောင်း မင်းမြတ်တွေဟာ တိုင်းပြည်ကိုအုပ်ချုပ်တဲ့အခါ စစ်တပ်ကို အဖော်သဟဲလုပ်ပြီး အုပ်ချုပ်ခဲ့ရပုံ၊ တိုင်းပြည်အစွန်အဖျား၌ သူပုန်များထကြွသောင်းကျန်းမှုကြောင့် ကျေးရွာများ ပျက်စီးခဲ့ရမှုကို မင်းကောင်း မင်းမြတ်က သူ့ရဲ့စစ်တပ်ကို ခေါ်ပြီး "အမောင်တို့သွားကြ၊ ကျေးရွာတွေ ဘေးအန္တရာယ်ကင်းအောင်၊ စည်ကားအောင်လုပ်ကြလို့ စေလွှတ်တော်မူခဲ့တယ်"ဆိုတဲ့ အပြောတွေ ပါဝင်ကြောင်း တင်အောင်စိုး(ပန်းမြို့တော်)က ရှင်းပြသည်။

ထို့အပြင်"စစ်သားတွေဆိုတာမင်းတို့ထင်သလို လက်နက်နဲ့ ရမ်းကားနေတာမဟုတ်ဘူး၊ လူ့အသက်တစ်ချောင်းကို တန်ဖိုးထားတယ်"ဆိုသည့်စကားများကိုလည်း ဇာတ်လမ်း၊ ဇာတ်ကွက်နှင့် ကိုက်ညီအောင် သုံးထားနိုင်မှုကိုတွေ့ရသည်။ သရုပ်ဆောင်များအပိုင်းနှင့် ပတ်သက်၍လည်း"သရုပ်ဆောင်တွေအားလုံး ချီးကျူး ဖို့ကောင်းကြောင်း၊ အခက်အခဲမျိုးစုံကြားမှ အောင်မြင်အောင် ရိုက်ကူးခဲ့ကြကြောင်း၊ အထူးသဖြင့် သက်မွန်မြင့်မှာ တပ်မတော်နေ့ ဂုဏ်ပြုအထိမ်းအမှတ်ကား သုံးကားရှိပြီဖြစ်ကြောင်း၊ ကိုယ်တိုင်စေတနာ ထက်သန်စွာနဲ့ တောထဲအထိလိုက်ပြီး ရိုက်ကူးသရုပ်ဆောင်ပေးကြောင်း၊ ဒီအတွက် ကျေးဇူးတင်ကြောင်း" တင်အောင်စိုး (ပန်းမြို့တော်)က ဖွင့်ဟသွားသည်။

ထို့နောက် **"သစ္စာမော်ကွန်း"** ဇာတ်ကား၌ အဓိက အမျိုးသမီးသရုပ်ဆောင် နန်းရွှေကြာနု(သက်မွန်မြင့်)အားတွေ့ဆုံမေးမြန်းရာ " ဒီဇာတ်ကားမှာ သောင်းကျန်းသူ ညီမအဖြစ် သရုပ်ဆောင်ရပါတယ်။ အစ်ကို အလင်းဝင်မယ့်ကိစ္စမှာ ကူညီဆောင်ရွက်ပေးရပါတယ်။ ချစ်သူဖြစ်တဲ့ ဗိုလ်ကြီးနဲ့အစ်ကိုဖြစ်တဲ့ သောင်းကျန်းသူ ခေါင်းဆောင်အကြားမှာ အတတ်နိုင်ဆုံး သရုပ်ဆောင်ပေးခဲ့ရတာပါ"ဟု ပြောပြသည်။

ထို့နောက် စိတ်ဝင်စားစရာအခန်းမှာ ရှမ်းစကားပြောခန်း၊ ရှမ်းစကားသင်ခန်းနဲ့ ဇာတ်သိမ်းခန်းတွေမှာ တတ်နိုင်သလောက်ပီပြင်အောင် သရုပ်ဆောင်ခဲ့တာပါလို့လည်း ရှင်းပြသည်။

ထို့ကြောင့် သရုပ်ဆောင်ပေါင်းများစွာဖြင့် အချစ်၊ အလွမ်း၊ အကြမ်းများ ပါဝင်သော **"သစ္စာမော်ကွန်း"** ဇာတ်ကားမှာ မကြာမီပရိသတ်များ ရင်ခုန်စွာ မြင်တွေ့ကြည့်ရှုရတော့မှာ ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု "သစ္စာမော်ကွန်း" ဇာတ်လမ်းထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တင်အောင်စိုး (ပန်းမြို့တော်)၏ ဝတ္ထု/ဇာတ်ညွှန်းကို ဒါရိုက်တာညိုမင်းလွင်ရိုက်ကူးသည့် "သစ္စာမော်ကွန်း" ရုပ်မြင်သံကြားဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ မတ် ၂၆ရက် ညနေ ၆နာရီခွဲနှင့် ည ၈ နာရီ သတင်းအပြီးတို့တွင် အပိုင်းနှစ်ပိုင်းခွဲ၍ တစ်ပြိုင်တည်း ထုတ်လွှင့်ပြသမည်ဖြစ်သည်။

"သစ္စာမော်ကွန်း"ဇာတ်လမ်းသည် တက္ကသိုလ်ကျောင်းသားဘဝ နောက်ခံ စစ်ကားတစ်ကားဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တပ်မတော်သားများ၏ ရဲစွမ်းသတ္တိနှင့် စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုများဖြင့် ခြယ်မှုန်းထားပြီး တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်း ပါဝင်ကြိုးပမ်း ဆောင်ရွက်မှုနှင့် ပေါင်းစပ်ကာ ငြိမ်းချမ်းရေးရယူနိုင်မှုကို ပေါ်လွင်အောင် ဖော်ကျူးထားသည်။

၎င်းဇာတ်လမ်းတွင် သူထူးစံ၊ မင်းဟိဏ်း၊ ပြေတီဦး၊ နန္ဒ၊ သားညီ၊ သက်မွန်မြင့်၊ ချစ်စနိုးဦးနှင့် ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များစွာအပြင် တပ်မတော်သားများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကိုးခုမြောက် ကိုယ်ပွားသတင်းစာတိုက် တနင်္သာရီတိုင်း မြိတ်မြို့၌ ဖွင့်လှစ် နေ့စဉ်ထုတ် သတင်းစာအပြင် ပုံနှိပ်လုပ်ငန်းများလည်း အလွယ်တကူဆောင်ရွက်နိုင်မည်

နေပြည်တော် မတ် ၂၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မြိတ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် မြိတ်မြို့ ရှမ်းချောင်းရပ် မေတ္တာလမ်းရှိ အဆိုပါ ကိုယ်ပွားသတင်းစာတိုက်၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်၍ ကိုယ်ပွားသတင်းစာတိုက်(မြိတ်)ကို ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်တာဝန်ရှိသူများ၊ မြိတ်တပ်နယ်မှ အရာရှိကြီးများ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြိတ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်၊မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကိုယ်ပွားသတင်းစာတိုက်(မြိတ်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အကျိုးထူးများစွာရရှိ

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားရာ၌ ယနေ့ တနင်္သာရီတိုင်း မြိတ်မြို့၌ ကိုယ်ပွားသတင်းစာတိုက် ဖွင့်လှစ်နိုင်သည့်အတွက် တနင်္သာရီတိုင်းအတွက် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပါကြောင်း၊ မြိတ်မြို့နေ ပြည်သူများအနေဖြင့် နေ့စဉ်ထုတ် သတင်းစာများကို ယနေ့မှစတင်ကာ နံနက်စောစော ဖတ်ရှုကြရတော့မည် ဖြစ်ပြီး တိုင်းအတွင်းရှိ ကျန်မြို့၊ ရွာများကလည်း သတင်းစာကို နေ့ချင်းပေါက် ဖတ်ရှုရမည်ဖြစ်၍ နိုင်ငံတော်အစိုးရ နှင့် ပြန်ကြားရေးဝန်ကြီးဌာနကို ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများ၏ ကိုယ်စား ပြောကြားလိုပါကြောင်း၊ သတင်းစာသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားသတင်းအချက်အလက်တို့ကို ထင်ဟပ်ဖော်ပြလျက်ရှိသော ပုံနှိပ်မီဒီယာ ဖြစ်ပါကြောင်း၊ ဤ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိခွင့် ရရှိကြပြီး ပြည်သူအားလုံး အသိအမြင် ဗဟုသုတနှင့် အကျိုးထူးများစွာ ရရှိမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များ ကိုယ်ပွားသတင်းစာတိုက်(မြိတ်)အတွင်း နေ့စဉ်ထုတ်သတင်းစာများ ပုံနှိပ်ထုတ်ဝေထားရှိမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

အလွယ်တကူဆောင်ရွက်နိုင်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြား ရာ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် တစ်ချက်ဖြစ်သည့် မြန်မာ နိုင်ငံအတွင်း နယ်စပ်ဒေသများနှင့် ကျေးလက်များပါမကျန် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိပျံ့နှံ့စေ ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန က အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ စီးပွားရေး၊ လူမှုရေး သတင်းအချက် အလက်များကို လွယ်ကူလျင်မြန်စွာ လေ့လာသိရှိနိုင်စေရန်အတွက် နိုင်ငံ တော်အတွင်း ပြည်နယ်နှင့် တိုင်း အနှံ့တွင် ကိုယ်ပွားသတင်းစာတိုက် များ ဖွင့်လှစ်ပေးခဲ့ရာ တနင်္သာရီတိုင်း မြိတ်မြို့တွင် ယနေ့ဖွင့်လှစ်သည့် ကိုယ်ပွားသတင်းစာတိုက်မှာ ကိုးခု မြောက်ဖြစ်ကြောင်း၊ ဤသို့ ဖွင့်လှစ် နိုင်ခဲ့ခြင်းကြောင့် တနင်္သာရီတိုင်း အတွင်း မြိတ်၊ ထားဝယ်၊ ကော့သောင်း မြို့များ အပါအဝင် ကျန်မြို့များတွင် လည်း သတင်းစာကို နေ့ချင်းပေါက် ဖတ်ရှုရရှိတော့မှာဖြစ်ပြီး မြိတ်မြို့နေ ပြည်သူများအနေဖြင့် သတင်းစာကို နေ့စဉ် နံနက်စောစောမှာပင် ဖတ်ရှုကြ ရမှာဖြစ်ကြောင်း၊ ယခုခေတ်သည် ပညာခေတ်၊ နည်းပညာခေတ်ဖြစ်သလို မီဒီယာခေတ်လည်းဖြစ်ကြောင်း၊ ကမ္ဘာ တစ်ဝန်း စက္ကန့်နှင့်အမျှ ပြောင်းလဲ လျက်ရှိသော သတင်းအချက်အလက် အကြောင်းအရာများသည် တိုးတက် ခေတ်မီသော နည်းပညာအမျိုးမျိုးဖြင့် လျင်မြန်စွာ ပျံ့နှံ့လျက်ရှိကြောင်း၊ ထို သတင်းအချက်အလက် အကြောင်း အရာများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် ဆောင်ရွက်ရင်း ပြည်သူများအတွင်း မှန်ကန်သော သတင်းအချက်အလက်များကို မြန်မြန် ဆန်ဆန်ရရှိ၊ သိရှိနိုင်အောင် ထုတ်လွှင့်၊ ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် ရည်ရွယ်ချက် များနှင့်အညီ ပြည်သူများအကြား မှန်ကန်သည့် သတင်းအချက်အလက် များ လွယ်ကူလျင်မြန်စွာ ရောက်ရှိ ဖတ်ရှုနိုင်ရန်အတွက် ယခုကဲ့သို့ ကိုယ်ပွားသတင်းစာတိုက်များကို ပြည် နယ်၊ တိုင်းအနှံ့ ဖွင့်လှစ်ဆောင်ရွက် ပေးနေခြင်းဖြစ်ပါကြောင်း၊ တနင်္သာရီ တိုင်းမှ ပြည်သူများအနေဖြင့် နေ့စဉ် ထုတ် သတင်းစာကို ယခုထက်ပိုမို၍ စောင်ရေတိုးတက်မှာယူ ဖတ်ရှုနိုင်တော့ မည်ဖြစ်ပြီး မိမိတို့၏ စီးပွားရေး၊ လူမှုရေးကြော်ငြာများကိုလည်း အလွယ် တကူ ထည့်သွင်းကြော်ငြာနိုင်တော့ မည်ဖြစ်ကြောင်း၊ ကိုယ်ပွားသတင်းစာ တိုက်(မြိတ်)မှ နေ့စဉ်ထုတ်သတင်းစာ အပြင် အခြား ပုံနှိပ်လုပ်ငန်းများကို လည်း အလွယ်တကူ ဆောင်ရွက်နိုင် တော့မည်ဖြစ်ကြောင်းဖြင့် ပြောကြား သည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦး က ကျေးဇူးတင်စကား ပြောကြား သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးက ကိုယ်ပွားသတင်းစာတိုက် (မြိတ်)အတွက် သတင်းစာစက္ကူ ၁၀ တန်ကို ပေးအပ်လှူဒါန်းရာ ပြန်ကြား ရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက လက်ခံသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် သတင်းနှင့်စာနယ် ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ကိုယ်ပွားသတင်းစာ တိုက်(မြိတ်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးက ကိုယ်ပွားသတင်းစာတိုက် (မြိတ်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး များနှင့် ဧည့်သည်တော်များသည် ကိုယ်ပွားသတင်းစာတိုက် (မြိတ်) အတွင်း နေ့စဉ်ထုတ်သတင်းစာများ ပုံနှိပ်ထုတ်ဝေမှုလုပ်ငန်း အဆင့်ဆင့် ကို ကြည့်ရှုလေ့လာကြသည်။

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ များကို ၂၀၀၈ ခုနှစ် မတ် ၂၃ ရက် (ယနေ့)မှ စတင်၍ တနင်္သာရီတိုင်း အတွင်းရှိ မြို့နယ်အသီးသီးနှင့် ကျေးရွာ များသို့ ကိုယ်ပွားသတင်းစာတိုက် (မြိတ်)မှ တိုက်ရိုက်ပုံနှိပ်ဖြန့်ဝေပေး လျက်ရှိသည်။ မြိတ်မြို့ပေါ်ရှိ သတင်းစာ ဖတ်ပြည်သူများအနေဖြင့် နံနက် စောစောတွင် သတင်းစာများ ဝယ်ယူ ဖတ်ရှုနိုင်ပြီဖြစ်သဖြင့် ကျေနပ် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကိုယ်ပွား သတင်းစာတိုက်(မြိတ်)အတွက် သတင်းစာစက္ကူ ၁၀ တန်ကို ပေးအပ် လှူဒါန်းရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း လက်ခံစဉ်။ (သတင်းစဉ်)

စေသကဲ့သို့ ရေထိန်းတံခါးစီမံကိန်းကြီး ၂၁ခုကြောင့် လယ်ယာမြေ ဧက ၃ ဒသမ ၆သန်းကျော်ကို ထိန်းသိမ်းကာကွယ်ပေးနိုင်ပြီဖြစ်ကြောင်း၊ ယခင်က မရှိခဲ့သော မြစ်ရေတင်စီမံကိန်း ၃၀၅ခုကလည်း လယ်ယာမြေဧက ၄ ဒသမ ၆သိန်းကို အကျိုးပြုနေပြီဖြစ်ကြောင်း၊ မြေအောက်ရေလုပ်ငန်း ၇၅၇၈ ခုကလည်း သီးနှံစိုက်ပျိုးမှုအတွက် အထောက်အကူပြုနေပြီဖြစ်ကြောင်း၊ ထို့အပြင် တောင်သူလယ်သမားများအနေဖြင့် သီးနှံများကို ရာသီအလိုက် သီးထပ်စိုက်ပျိုးရာတွင် အချိန်မီ ရာသီမီ ဖြစ်စေရန်အတွက် အချိန်တိုကာလအတွင်း ရိတ်သိမ်းခြင်း၊ ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ဆီဖူလုံရေးအတွက်လည်း အခြေအနေကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ ဤတိုးတက်မှုများသည် နိုင်ငံတော်၏ စီမံဆောင်ရွက်ပေးမှုများကြောင့် တောင်သူများကိုယ်တိုင် အေးချမ်းသာယာစွာ စိုက်ပျိုးလုပ်ကိုင်နိုင်သည့် အခြေအနေကောင်းများ ရရှိလာမှုကပေါ်ထွက်လာသော ရလဒ်များဖြစ်ကြောင်း။

ယခုဖွင့်လှစ်ပေးလိုက်သည့် ခပေါင်းဘက်စုံရေလှောင်တမံသည် နိုင်ငံတော်၏ ၂၀၉ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း၊ ယင်းခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် တောင်ငူနှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ခပေါင်းရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အားပေးစက်ရုံများအနက် ၄၇ခုမြောက် ဖွင့်လှစ်သော ဓာတ်အားပေး စက်ရုံလည်းဖြစ်ကြောင်း။

ခပေါင်းရေအားလျှပ်စစ်စက်ရုံသည် (၁၅)မဂ္ဂါဝပ် စက်နှစ်လုံး တပ်ဆင်ထားပြီး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ်(၃၀)ရှိကြောင်း၊ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးမည်ဖြစ်ပြီး နိုင်ငံတော်၏ ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း။

ယခု ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်လိုက်ခြင်းကြောင့် မိမိတို့နိုင်ငံတွင် မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးနေသော လျှပ်စစ်ဓာတ်အားများအတွက် ဓာတ်အားပေးစက်ရုံများ၏ လျှပ်စစ်စက်တပ်ဆင်အားသည် စုစုပေါင်း ၁၅၆၅

✻ ရွှေဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း တောင်ငူခရိုင် တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့မှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHMC နှင့် CNEEC တို့မှ ပညာရှင်များ၊ တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းသည်မိုးတွင်း၌ မိုးစပါးအတွက် စိုက်ပျိုးရေမိုးရေလုံလောက်မှုရှိသော်လည်း နွေရာသီတွင် စိုက်ပျိုးရေအခက်အခဲကြောင့် နွေစပါးကို ချောင်းပိတ်မြောင်းပိတ်စနစ်ဖြင့်သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခု ခပေါင်းရေလှောင်တမံကြီး ပြီးစီးသွားပြီဖြစ်သည့်အတွက် လိုအပ်လျှင်မိုးစပါးအတွက် ပျိုးထောင်ရေ၊ အောင်ရေ စသည့် ဖြည့်စွက်ရေကို ပေးနိုင်မည်ဖြစ်သကဲ့သို့ နွေစပါးအတွက် ရေကို နောက်ဆံမတင်း စိုးရိမ်မကင်းမဖြစ်ရဘဲ အပြည့်အဝရရှိပြီး စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း၊ ဤခပေါင်းဆည်ရေဖြင့်နွေစပါးကို တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း။

ပဲခူးတိုင်းအတွင်း၌ မိုးစပါးဧကသိန်း ၃၀ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးရေးနှင့် နွေစပါးဧက လေးသိန်းပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးအတွက် ဤရေလှောင်တမံက အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအတွက်သာမက နိုင်ငံတော်အတွင်း အခြားဒေသများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ခပေါင်းရေလှောင်တမံသည် နိုင်ငံတော်၏ ၂၀၉ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ပဲခူးတိုင်း၏ ၄၅ခုမြောက်စီမံကိန်း ဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်း နွေစပါးဧကလေးသိန်းအနက် သုံးသိန်းခြောက်သောင်းကျော်သည် ဆည်ရေဖြင့် စိုက်ပျိုးခြင်းဖြစ်သဖြင့် ဆည်ရေသည် ဤဒေသအတွက် မည်မျှအကျိုးပြုနေသည်ဆိုသည်ကို အထင်အရှား တွေ့မြင်ကြရကြောင်း။

နိုင်ငံတော်၏ စေတနာကို သဘောပေါက်နားလည်ကြသော တောင်သူလယ်သမားကြီးများကလည်း မိုးစပါးအပြင် နွေစပါးနှင့်အခြားသီးနှံများကို မရပ်မနား စိုက်ပျိုးထုတ်လုပ်လာကြသည့်အတွက် ယင်းတို့၏ လူမှုစီးပွားတိုးတက်မှုများ ရရှိလာနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိတော့မှာဖြစ်သည့်အတွက် လူမှုစီးပွားရေးနှင့် စက်မှုကဏ္ဍများတွင် မလွဲဧကန်တိုးတက်လာမည်ဖြစ်၍ လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးနိုင်သည့် ရေ၊ မြေ၊ ရာသီဥတု အခြေအနေကောင်းများရှိသော နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်၏ အားပေးကူညီမှုများနှင့် တောင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့်လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် အချိုးအစားအဖြစ် ၃၇ ရာခိုင်နှုန်းပါဝင်ပြီး ပို့ကုန်တန်ဖိုး၏ ၁၃ ဒသမ ၃ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနေပြီဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်နိုင်သည်နှင့်အမျှ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းစေခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် လယ်ယာလုပ်သား ၁၀ဒသမ ၄ သန်းသာရှိခဲ့ရာက ယခုဆိုလျှင် ၂၂ ဒသမ ၉ သန်းအထိ တိုးတက်လာပြီဖြစ်ကြောင်း၊ အလုပ်အကိုင်ရရှိရေးနှင့် လူမှုစီးပွား တိုးတက်မြင့်မားရေးအတွက် လယ်ယာကဏ္ဍက အထောက်အကူပေးနေပြီဖြစ်ကြောင်း။

စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သော လိုအပ်သည့်အချိန်တွင် စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်တမံများ၊ ရေထိန်းတံခါးစီမံကိန်းများ၊ မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးစီမံကိန်းများကို အခြေအနေ ပေးမှုအပေါ်မူတည်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကြီးစား၊ အလတ်စား၊ အငယ်စား စီမံကိန်းများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ရေကြီးနစ်မြုပ်လေ့ရှိသော ဒေသများနှင့် ရေနက်ကွင်းများတွင်လည်း ရေနုတ်မြောင်းများ၊ ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ပြီး ရေတော်မိုးတော် စိုက်ပျိုးမြေများပေါ်ထွက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် ရေသွင်းစိုက်ပျိုးနိုင်မှုအနေဖြင့် ၁၉၈၈-၈၉ခုနှစ်က ရေသွင်း စိုက်ဧရိယာဧက ၂ဒသမ၅သန်းသာရှိခဲ့ကြောင်း၊ ယခုဧက ၅ဒသမ ၆သန်းကျော်အထိ နှစ်ဆတိုးတက်လာခဲ့ပြီး နိုင်ငံတွင်းရှိသော သီးနှံအသားတင် စိုက်ဧရိယာ ဧက ၂၈သန်းကျော် ၏ ၁၇ ဒသမ ၂ရာခိုင်နှုန်းအထိ ရောက်ရှိလာပြီဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်/ရေလှောင်တမံစီမံကိန်းများက လယ်ယာမြေများ ရေသွင်းစိုက်ပျိုးနိုင်သော ရေသောက်ဧရိယာများ တိုးတက်လာမြေယာပြုပြင်ခြင်း လုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်မည့် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ရေးအတွက်လည်း နိုင်ငံတော်က လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် စက်ရုံများတည်ဆောက်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

ယင်းသို့ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည်လည်း ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း၊ အဓိကသီးနှံဖြစ်သော စပါးစိုက်ပျိုးထုတ်လုပ်မှုသည် ၁၉၈၈ခုနှစ်တွင် စပါးတင်းသန်း ၆၃၀သာရှိရာက ယခုဆိုလျှင် တင်းသန်း ၁၅၀၀ရှိလာပြီဖြစ်ကြောင်း၊ တင်းသန်း ၂၀၀၀ထွက်ရှိရေး ဦးတည်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုကိုကြည့်လျှင် ၁၉၈၈ ခုနှစ်တွင် တန်ချိန် ၃ ဒသမ ၇သိန်းသာ ထုတ်လုပ်နိုင်မှုရှိခဲ့ရာက ယခုဆိုလျှင် တန်ချိန် ၄၅သိန်းအထိ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများအသင်း အာဆီယံတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု အုတ်တွင်းမြို့နယ် နှစ်ခုတွင်ရှိသည့် ကျေးရွာအုပ်စု ၆၁ခုက လယ်မြေဧက တစ်သိန်းကို အကျိုးပြုစေမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရှင်းလင်းတင်ပြရာတွင် ယနေ့ဖွင့်လှစ်သည့် ခပေါင်းရေအားလျှပ်စစ်စက်ရုံသည် ဤဝန်ကြီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်း ၁၄ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းအတွင်း ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် ဇန်နဝါရီ၂ရက်တွင် ပသိရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ ယခုခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ၂၀၀၈ ခုနှစ်အတွင်း တတိယမြောက်ဖွင့်လှစ်သည့် စက်ရုံဖြစ်ပြီး နိုင်ငံအတွင်းတွင်ရှိသည့် ရေအား ဒသမ ၂ မဂ္ဂါဝပ်ရှိသွားပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်မှုပမာဏ စုစုပေါင်းသည်လည်း ၂၀၀၅-၂၀၀၆ခုနှစ်တွင် ကီလိုဝပ် နာရီသန်းပေါင်း ၅၉၈၁၊ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ကီလိုဝပ် နာရီသန်းပေါင်း ၆၀၇၃၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၆၀၉၂ အထိ တစ်နှစ်ပြီးတစ်နှစ် တိုးတက်လာခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၇၁၀၀ကျော်အထိ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အသိပေးတင်ပြလိုကြောင်း။

အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင်တစ်ပြိုင်တည်း တည်ဆောက်နေသော ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၄ခု ပြီးသွားလျှင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၁၀၄၀၀ ထပ်မံတိုးတက်ရရှိလာမည်ဖြစ်ကြောင်း။

အဆိုပါ တစ်ပြိုင်တည်း တည်ဆောက်နေသည့် စီမံကိန်း ၁၄ခုထဲက ကျိုင်းတောင်းစီမံကိန်း ၅၄ မဂ္ဂါဝပ်၊ ရွှေလီ(၁) စီမံကိန်း မဂ္ဂါဝပ် ၆၀၀၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။ မျိုးချစ်တပ်မတော်
၄:၅၀	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀	၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၅:၃၀	၉။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၄။ **(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် -အဖေတူသား(ပထမပိုင်း) ဒါရိုက်တာ-အကယ်ဒမီပန်းချီစိုးမိုး သရုပ်ဆောင်-အကယ်ဒမီမင်းမော်ကွန်း၊ ထွန်းထွန်း၊ အကယ်ဒမီအောင်ခိုင်၊ အကယ်ဒမီနန္ဒာလှိုင်၊ အကယ်ဒမီပန်းဖြူ**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ မိုးလေဝသသတင်း
	၁၇။ အမျိုးသားရေးတေးကဗျာ
	၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။ **(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် အဖေတူသား(ဒုတိယပိုင်း) ဒါရိုက်တာ-အကယ်ဒမီပန်းချီစိုးမိုး သရုပ်ဆောင်-အကယ်ဒမီမင်းမော်ကွန်း၊ ထွန်းထွန်း၊ အကယ်ဒမီအောင်ခိုင်၊ အကယ်ဒမီနန္ဒာလှိုင်၊ အကယ်ဒမီပန်းဖြူ**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	**အခြေခံပညာကျောင်း**	၃၃၇၄၇	၄၀၅၅၃	၆၈၀၆
	– ဆရာ၊ ဆရာမဦးရေ (သိန်း)	၁.၇၄	၂.၆	၀.၈၆
	– ကျောင်းသားဦးရေ (သန်း)	၅.၂၄	၈.၈၃	၃.၅၉
	– မာလ်တီမီဒီယာစာသင်ခန်း	–	၁၆၉၄	၁၆၉၄
၂	**ဆရာအတတ်ပညာသင်ကြားရေး**			
	– ပညာရေးကောလိပ်	၁၇	၂၀	၃
	– ဆရာ၊ ဆရာမဦးရေ	၄၅၆	၉၁၇	၄၆၁
	– သင်တန်းသားဦးရေ	၄၅၁၆	၃၄၆၄၃	၃၀၁၂၇
၃	**အဆင့်မြင့်ပညာ**			
	– တက္ကသိုလ်/ကောလိပ်/ဒီဂရီကောလိပ်	၂၇	၆၄	၃၇
	– လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	–	၄၄	၄၄
	– ဆရာ၊ ဆရာမဦးရေ	၅၉၉၆	၁၇၂၅၀	၁၁၂၅၄
	– ကျောင်းသားဦးရေ (သိန်း)	၁.၃၄	၅.၂၀	၃.၈၆
၄	**သိပ္ပံနှင့်နည်းပညာ**			
	– နည်းပညာတက္ကသိုလ်များ	၁	၂၉	၂၈
	– အစိုးရနည်းပညာကောလိပ်	–	၈	၈
	– ကွန်ပျူတာတက္ကသိုလ်	၁	၂၆	၂၅
	– မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်	–	၁	၁
	– ဆရာ၊ ဆရာမဦးရေ	၄၀	၉၃၂	၈၉၂
	– ကျောင်းသားဦးရေ	–	၅၄၆၇၉	၅၄၆၇၉
၅	မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်	–	၁	၁
၆	အခြားဝန်ကြီးဌာနများရှိတက္ကသိုလ်/ကောလိပ်များ	၁	၂၂	၂၁

ကွန်ပျူတာတက္ကသိုလ်(ဘားအံ)

ကရင်ပြည်နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

လွိုင်ကော်တက္ကသိုလ်

ကယားပြည်နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ပြည်နယ်အတွင်း အဆင့်မြင့်ပညာများ သင်ယူနိုင်မှု အခွင့်အလမ်းများ ရရှိစေရန်အတွက် လွိုင်ကော်မြို့တွင် ဖွင့်လှစ်ပေးထားသည့် လွိုင်ကော်တက္ကသိုလ် ပင်မကျောင်းဆောင်သစ်ကြီး။

နည်းပညာတက္ကသိုလ်(မုံရွာ)

စစ်ကိုင်းတိုင်း မုံရွာမြို့တွင် တည်ဆောက်ဖွင့်လှစ်ထားသည့် နည်းပညာတက္ကသိုလ်(မုံရွာ)။

အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား)

အစိုးရ နည်းပညာကောလိပ် (မြစ်ကြီးနား) ပင်မဆောင်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်မည့် တပ်မတော်

ခိုင်ထက်အောင်

မြန်မာတို့၏ တပ်မတော်သည် လွတ်လပ်ရေးကို တိုက်ယူရန် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် မင်းမူခဲ့သော ဖက်ဆစ်များက မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို နာမည်ပြောင်းပစ်ခဲ့သည်။ အင်အားတောင့်တင်းသော တပ်မတော်ဖြစ်မလာစေရန် ဖက်ဆစ်တို့ကဟန့်တားခဲ့သည်။ ကမ္ဘာစစ်အပြီးတွင် ဗြိတိသျှနယ်ချဲ့တို့ ပြန်ဝင်လာသည့်အခါ၌လည်း မြန်မာ့တပ်မတော်ကို အင်အားလျှော့ချပစ်ခဲ့ကြပြန်သည်။ လွတ်လပ်ရေးရပြီးချိန် စည်းစည်းလုံးလုံးဖြင့် နိုင်ငံကြီးပွားတိုးတက်အောင် ကြိုးပမ်းကြရမည့် အချိန်တွင် လွတ်လပ်ရေးကြိုးပမ်းစဉ်က ကိုင်စွဲခဲ့ကြသည့် အမျိုးသားနိုင်ငံရေးခံယူချက်ကို စွန့်ပစ်ပြီး ဝါဒဂိုဏ်းဂဏအစွဲများ ဖုံးလွှမ်းလာသော နိုင်ငံရေးသမားများက လက်နက်ကိုင် အာဏာလုပွဲ(ဝါ) လက်နက်ကိုင် သောင်းကျန်းမှုကြီးကို ဖန်တီးလိုက်ကြပြန်သည်။ ပြည်ပနယ်ချဲ့အုပ်စု၏ ပယောဂ မှိုင်းမိနေသော ခွဲထွက်ရေးသောင်းကျန်းသူများလည်း ပေါ်လာသည်။

မြန်မာ့တပ်မတော်သည် ဘီအိုင်အေ၊ ဘီဒီအေ၊ မျိုးချစ်တပ်မတော်စသည်ဖြင့် အမည်နာမ မည်သို့ပင်ပြောင်းပြောင်း၊ ဖက်ဆစ်များနှင့်နယ်ချဲ့တို့က မည်သို့ပင် အင်အားလျှော့ချလျှော့ချ၊ လွတ်လပ်ရေးကို အသက်စွန့်တိုက်ယူခဲ့သော တပ်မတော်အဖြစ် သမိုင်းထွန်းပြောင်ခဲ့သည်။ လွတ်လပ်ရေးရပြီး ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ သံသယစွဲသမားတို့၏ ပဋိပက္ခများကြောင့် လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုနီးနီးအချိန်ကြုံတိုင်း၊ ပြည်ထောင်စုကြီး ပြိုကွဲလုလုအခြေအနေကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားရပ်ပြီး အချုပ်အခြာအာဏာ(လွတ်လပ်ရေး)ကို လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း၊ တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို လည်းကောင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခဲ့ရသည်။ ၁၉၄၈-၄၉ ခုနှစ်တွင် ရောင်စုံသောင်းကျန်းသူတို့က မြို့ရွာအများအပြားကို သိမ်းပိုက်ထားစဉ်ကာလမှာပင် တပ်မတော်သည် ရှိသမျှအင်အားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ကာ ဖဆပလအစိုးရကို ဆက်လက်တည်မြဲစေခဲ့သည်။

၁၉၅၈-၅၉ ခုနှစ်များအတွင်း အာဏာရဖဆပလနိုင်ငံရေးပါတီကြီး အုပ်စုများကွဲကာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တည်တံ့ခိုင်မြဲရေးစိုးရိမ်လာရချိန်၌လည်း တပ်မတော်ကပင် ဝင်ရောက်ဖေးမထိန်းသိမ်းပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ၁၉၆၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် ကျင်းပပေးခဲ့သည်။ ရွေးကောက်ပွဲအနိုင်ရရှိသော ဖဆပလ(သန့်ရှင်း) အုပ်စု(ဝါ) ပထစ အမည်ပြောင်းထားသော ဖဆပလတစ်ခြမ်းအစိုးရကိုပင် အာဏာအပ်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ★

- **တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။**
- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။**
- **တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်။**

၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများအရ အခန်း(၁) နိုင်ငံတော်အခြေခံမူများတွင် ဖော်ဆောင်ထားသည့် တပ်မတော်ဆိုင်ရာမူကြီးများဖြစ်သည်။

အမျိုးသားညီလာခံမှ ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများကို အခြေခံပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်က ၃-၁၂-၂၀၀၇ ရက်နေ့မှ ၁၉-၂-၂၀၀၈ ရက်နေ့အထိ ရေးဆွဲခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင်လည်း အခန်း(၁) နိုင်ငံတော်အခြေခံမူများ အခန်းနှင့် အခန်း(၇) တပ်မတော်အခန်းတို့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစ်ခုလုံးကိုလည်းကောင်း၊ ပြည်ထောင်စုဖွား မြန်မာနိုင်ငံသားများကိုလည်းကောင်း၊ နိုင်ငံသားတို့၏ အထွတ်အမြတ်ဖြစ်သည့် လွတ်လပ်ရေးကိုလည်းကောင်း ကာကွယ်စောင့်ရှောက်ပေးရမည့် တပ်မတော်ဆိုင်ရာ အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

အခန်း(၇) တပ်မတော်အခန်း ပုဒ်မ(၃၃၇)တွင် **"တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်"**ဟူ၍လည်းကောင်း၊

ပုဒ်မ (၃၃၉)တွင်**"နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"**ဟူ၍လည်းကောင်း၊

ပုဒ်မ (၃၄၁)တွင် **"နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်"**ဟူ၍လည်းကောင်း ဖော်ပြပါရှိပေသည်။

ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပကာ ပြည်သူတို့၏ အတည်ပြုမှုရယူမည်ဖြစ်၍ **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ-၂၀၀၈"**ဟူ၍ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းတွင် နိုင်ငံသားတို့မှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်း၌ ပျံ့နှံ့တည်ရှိသော၊ ပြည်သူတို့လွတ်လပ်စွာ ကိုယ့်နိုင်ငံနှင့် ကိုယ့်နိုင်ငံသားတို့၏ ကောင်းကျိုးကို ဆုံးဖြတ်အကောင်အထည်ဖော်လုပ်ဆောင်ခွင့်ရှိသော အချုပ်အခြာအာဏာကို မည်သို့မည်ပုံ၊ မည်သူမည်ဝါက၊ မည်သည့်စည်းကမ်းများဖြင့် ပြည်သူ့ကိုယ်စား ကျင့်သုံးရမည်၊ နိုင်ငံသားတို့၏မူလအခွင့်အရေးများက မည်သို့ရှိသည်စသည်တို့ကို စီစဉ်ဖော်ပြထားသော မူဝါဒစာအုပ်ကြီးဖြစ်သည်။ ဤအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ခြင်းသည် ပြည်သူပြည်သားတို့၏ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ပေးရာရောက်ပေသည်။

မြန်မာနိုင်ငံတွင် တိုင်းခြားသားနယ်ချဲ့တို့ စိုးမိုးထားစဉ် နှစ်ပေါင်းတစ်ရာကျော်ကာလ၌ မြန်မာတို့သည် အချုပ်အခြာအာဏာပိုင်ဆိုင်မှု မရှိခဲ့ပေ။ နယ်ချဲ့တိုင်းခြားသားတို့ ဖိနှိပ်ချုပ်ချယ်သမျှ၊ နိုင်ငံမှ သယံဇာတ ထွက်ကုန်ပစ္စည်းများကို နယ်ချဲ့တို့ အလွယ်တကူထုတ်ယူသွားသမျှ မြန်မာတို့ ခါးစည်းခံခဲ့ရသည်။ မြန်မာတို့၏ အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေး ဆုံးရှုံးရသဖြင့် လွတ်လပ်ရေးကို ပြန်လည်ကြိုးပမ်းရယူခဲ့ရသည်။ ထိုစဉ်က အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုကြီးတွင် ပြည်သူတို့က စည်းလုံးညီညွတ်မှုဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

နယ်ချဲ့သမားများထံမှ လွတ်လပ်ရေးကို ပါးစပ်က တောင်းနေရုံဖြင့် ရမည်မဟုတ်၊ လိုအပ်သလို လက်နက်ကိုင် တိုက်ထုတ်ရမည်ဟု မြန်မာမျိုးချစ်များက ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာ့တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် ပေါ်ထွန်းလာခဲ့သည်။

မြန်မာ့တပ်မတော်သည် ဘီအိုင်အေ၊ ဘီဒီအေ၊ မျိုးချစ်တပ်မတော် စသည်ဖြင့် အမည်နာမ မည်သို့ပင်ပြောင်းပြောင်း၊ ဖက်ဆစ်များနှင့်နယ်ချဲ့တို့က မည်သို့ပင် အင်အားလျှော့ချလျှော့ချ၊ လွတ်လပ်ရေးကို အသက်စွန့် တိုက်ယူခဲ့သော တပ်မတော်အဖြစ် သမိုင်းထွန်းပြောင်ခဲ့သည်။ လွတ်လပ်ရေးရပြီး ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ သံသယစွဲသမားတို့၏ ပဋိပက္ခများကြောင့် လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုနီးနီးအချိန်ကြုံတိုင်း၊ ပြည်ထောင်စုကြီး ပြိုကွဲလုလုအခြေအနေကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားရပ်ပြီး အချုပ်အခြာအာဏာ (လွတ်လပ်ရေး) ကို လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း၊ တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကို လည်းကောင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခဲ့ရသည်။

★ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ပထစအစိုးရလက်ထက်မှာပင် ဖက်ဒရယ်မူလှုပ်ရှားမှုကြီးပေါ်လာကာ ပြည်ထောင်စုကြီး အစိတ်စိတ်ပြိုကွဲမည့် အနေအထားသို့ ရောက်လာသည်။ ၁၉၆၂ခုနှစ် မတ်လ ၂ရက်နေ့တွင် နယ်ချဲ့ထောင်ချောက်အတွင်း ကျရောက် လုဆဲ၊ ပြိုကွဲလုဆဲ၊ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးလုဆဲ အခြေအနေသို့ ဆိုက်ရောက်လာသဖြင့် တပ်မတော်ကပင် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခဲ့ရပြန်သည်။ ၁၉၈၈ ခုနှစ် တိုင်းဆူပြည်ဖျက်ဆူပူမှုဂယက်တွင် ပြည်ပကစွက်ဖက်သဖြင့် ပြည်ထောင်စုကြီး ပြိုကွဲလုနီးနီး၊ လွတ်လပ်ရေးပြန်လည်ဆုံးရှုံးလုနီးနီး အခြေအနေဆိုးကြုံရ စဉ်မှာလည်း တပ်မတော်ကပင် ပြည်ထောင်စုကြီး၊ ပြည်ထောင်စုသားများနှင့် လွတ်လပ်ရေး (အချုပ်အခြာအာဏာ)ကို ကာကွယ်ပေးခဲ့ရပြန်သည်။

နယ်ချဲ့သမားများက ယခုအခါ ပုံစံသစ် (ကိုလိုနီနယ်ချဲ့ပုံစံသစ်)ဖြင့် နိုင်ငံများစွာကို ကျူးကျော်စွက်ဖက်ကာ ယခင်ကကဲ့သို့ပင် နယ်ချဲ့သွေးစုပ်၊ အမြတ်ထုတ် လုပ်ရပ်မျိုး လုပ်ဆောင်လျက်ရှိရာတွင် မြန်မာတို့၏ ပြည်ထောင်စုကြီးပြိုကွဲအောင် ရေးရှုစွက်ဖက်လုပ်ဆောင်လာသည်ကို ကြုံရသဖြင့် တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တည်းဟူသော အမျိုးသားရေး အင်အားစုကြီးက ပြည်ထောင်စုကြီးမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်စောင့်ရှောက်လျက်ရှိနေပေသည်။

အမျိုးသားရေး (ဝါ) အမျိုးသားနိုင်ငံရေးကိုခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် မြန်မာပြည်ထောင်စုကြီး ငြိမ်းချမ်းလာစေရန် ၁၉၈၈ ခုနှစ်မှ ယနေ့တိုင် ကြိုးပမ်းလုပ်ဆောင် အောင်မြင်ခဲ့သည်။ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံတည်ဆောက်ရေးကို ပြည်သူတို့နှင့် တစ်သားတည်း လက်တွဲဆောင်ရွက်ဖြည့်ဆည်းပေးခဲ့သည်။ ဤသည်မှာ လွတ်လပ်ရေးကို တိုက်ယူရန် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာ့တပ်မတော်က လွတ်လပ်ရေးကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်ပေးခဲ့ရင်း ပြည်သူများ လွတ်လပ်ရေးအရသာကို အပြည့်အဝခံစားနိုင်ရန် အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနေသော ထင်သာမြင်သာသည့် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များပင် ဖြစ်သည်။

တပ်မတော်၏သမိုင်းသည် စစ်ရေးသမိုင်းမျှသာမက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ရေးကာကွယ်မှုသမိုင်း၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးသော စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေးသမိုင်းလည်းဖြစ်သည်။

ထို့ကြောင့်လည်း သမိုင်းရေးအမြင်ဖြင့် အမျိုးသားညီလာခံက မူများချမှတ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်က ရေးဆွဲထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)တွင် တပ်မတော်နှင့်ပတ်သက်သော အခြေခံမူများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါ အခြေခံမူများတွင် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်မည်။ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ရှောက်မည်။ ဤသို့ နိုင်ငံနှင့် နိုင်ငံသား၊ နိုင်ငံသားတို့၏ လွတ်လပ်ရေးကို ပြည်တွင်းပြည်ပ အန္တရာယ်မကျရောက်အောင် ကာကွယ်ပေးနိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်၊ မျိုးချစ်တပ်မတော်ဖြစ်ကြောင်း ခိုင်မာပီပြင်ထင်ရှားစွာ ဖော်ပြထားခြင်းဖြစ်သည်။ ဤတာဝန်များကို တိုင်းရင်းသားပြည်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပြီး တာဝန်ပေးအပ်လိုက်ခြင်း ဖြစ်သည်ဟု ဆိုလိုက်ရပါသည်။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

တစ်လှေတည်းစီး တစ်ခရီးတည်းသွား

ကောင်းထက်

ကြံ့ခိုင်တည်တံ့ပါစေသော်

○ သာကီမြန်မာ၊ ဒို့မြေချာကို
အာဏာပိုင်စိုး၊ ဘုန်းရှိန်တိုးလျက်
ဖွံ့ဖြိုးခဲ့ညား၊ ကမ္ဘာကြွားအောင်
နှီးကြားထက်သန်၊ မဖောက်ပြန်ဘဲ
မှန်စွာရှေ့က
လမ်းပြသည်လည်း တပ်မတော်။

○ သာကီတို့ဘုန်း၊ မိုးသို့ချွန်းလျက်
စည်းရုံးသိမ်းသွင်း၊ အောင်မြေနင်းခဲ့
မင်းနှင့်စစ်တပ်၊ ချစ်လေးမြတ်လျက်
တပ်နှင့်ပြည်သူ၊ ချစ်ကြည်ဖြူစွာ
ထူထောင်ပွားစည်၊ ဒို့မြန်ပြည်ကို
တည်ထောင်သည်လည်း တပ်မတော်။

○ ကိုယ်နှင့်သက်ကို
နှင်းဆက်မငဲ့၊ စွန့်ရဲခဲ့၍
နယ်ချဲ့ကိုလှန်၊ အပြုတ်နှံခဲ့
ဖက်ဆစ်ကိုလည်း၊ အပြတ်နွှဲလျက်
မြဲစဉ်ဂုဏ်မွေး၊ လွတ်လပ်ရေးကို
ယူပေးသည်လည်း တပ်မတော်။

○ ပြည်တွင်းသောင်းကျန်း၊ မိုက်စခန်းကို
ရပ်တန်းကရပ်၊ အမြစ်ဖြတ်လျက်
ခိုင်မတ်အာဏာ၊ ချုပ်အခြာနှင့်
ဒို့ရွာ ဒို့တိုင်း၊ ဒို့သမိုင်းကို
မရိုင်းစေရေး၊ မျိုးချစ်သွေးဖြင့်
ရေးခဲ့သည်လည်း တပ်မတော်။

○ နိုင်ငံချောက်ထဲ၊ ကျလုဆဲတိုင်း
လွှဲဖယ်မစောင်း၊ သမိုင်းကြောင်း၏
တောင်းဆိုချက်အား၊ အလေးထားလျက်
ဆုံးပါးမခံ၊ မိနိုင်ငံကို
အားမာန်သစ်ဆင်၊ ဘေးရန်စင်အောင်
ကယ်တင်သည်လည်း တပ်မတော်။

○ လေးမြတ်ကြည်ညို၊ ပြည်သူကိုလည်း
အလိုပြည့်အောင်၊ အကျိုးဆောင်၍
တောင်ပေါ်မြေပြန့်၊ တိုင်းအနှံ့လျှင်
သင်းပျံ့ကြိုင်လျှမ်း၊ ပန်းစုံလန်းအောင်
လမ်းသစ်ကိုဖောက်၊ ကျီသစ်ဆောက်လျက်
စောင့်ရှောက်သည်လည်း တပ်မတော်။

○ ပြည်ထောင်စုဝယ်
စုဝေးနေမှ၊ လုံခြုံကြလျက်
ညီမှကြံ့ခိုင်၊ အောင်မြင်နိုင်ကာ
ခိုင်မြဲကြည်ဖြူ၊ ခရီးတူမှ
ဖေးကူရှေ့ဆက်၊ ခြေလှမ်းသွက်လိမ့်
ချင့်တွက်မျှော်ကိုး၊ စေ့ဆော်နှိုးကာ
အမျိုးသားရေးပန်းတိုင်
ဒီမိုကရေစီနိုင်ငံ
အမှန်ဖြစ်ရေး၊ ဦးစားပေးလျက်
မနှေးလမ်းခင်း၊ အောင်မြင်ခြင်းသို့
ဆောင်ကြဉ်းသည်လည်း တပ်မတော်။

○ ဒို့တပ်မတော်၊ ရဲသုံးဘော်၏
ကျော်သည့်ဂုဏ်ဒြပ်၊ မြတ်သည့်စဉ်လာ
သာသည့်စွမ်းရည်၊ အလီလီဖြင့်
လှမ်းချီတစ်ခေတ်၊ ရွှေပြည်သစ်ကို
ထုဆစ်ပုံသွန်း၊ အောင်စည်ရွမ်းလျက်
မော်ကွန်းပိုင်ပိုင်၊ ကမ္ဘာတိုင်အောင်
ကြံ့ခိုင်တည်တံ့ ပါစေသော်။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဇော်မင်းမင်းဦး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၄ မှ

ရဲရွာစီမံကိန်း (မဂ္ဂါဝပ် ၇၉၀)နှင့် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သော ကွန်းချောင်း စီမံကိန်း (မဂ္ဂါဝပ် ၆၀)၊ ဖြူးချောင်း စီမံကိန်း(မဂ္ဂါဝပ်၄၀)၊ ရွှေကျင်စီမံကိန်း (၇၅ မဂ္ဂါဝပ်)စီရှိကြသည့် စီမံကိန်း ခြောက်ခုကို ၂၀၀၇ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အတွင်း တစ်ခုပြီးတစ်ခု အစီအရီ ဆက်တိုက်ပြီးသွားအောင် အစွမ်းကုန်ကြိုးစားအားထုတ် တည်ဆောက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ပဲခူးတိုင်းသည် မိုးကာလတွင် ရေများ၍ ရေကြီးနစ်မြုပ် ပျက်စီးမှုများ ကြုံတွေ့ခဲ့ရပြီး နွေကာလတွင် ရေမရှိတော့၍ စိုက်ပျိုးနိုင်ခြင်းမရှိတော့သည့် အခြေအနေမျိုး ရှိနေသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးရိုးမအရှေ့ခြမ်း၊ အနောက်ခြမ်းရှိ သဘာဝမြစ်ချောင်းများကို အခြေပြုပြီး အမြဲတမ်း စိုက်ပျိုးနိုင်သည့် ဒေသတစ်ခုဖြစ်အောင် စီမံဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း။

ယနေ့တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ခပေါင်းရေလှောင်တမံစီမံကိန်းသည် ပဲခူးတိုင်းတွင် အမြဲလိုလိုဖြစ်နေတဲ့ မိုးတွင်းကာလ၌ မိုးများပြီး ရေကြီးနစ်မြုပ် ပျက်စီးဆုံးရှုံးမှုများ မရှိအောင်၊ နွေကာလမှာ စိုက်ပျိုးရေရရှိအောင်၊ ဒေသခံပြည်သူများအတွက် သန့်ရှင်းသည့် သောက်သုံးရေရရှိစေအောင်၊ ထို့အပြင်ဖြစ်နိုင်ပါက ဒေသအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်စွမ်းနိုင်ရအောင်ဆိုသည့် ရည်မှန်းချက်များဖြင့် ဆောင်ရွက်သည့် ဘက်စုံရေလှောင်တမံ စီမံကိန်းတစ်ခုဖြစ်ကြောင်း။

ထို့အပြင် ပဲခူးတိုင်းသည် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းများကဲ့သို့ လူဦးရေများပြားသည့် တိုင်းဖြစ်သည့်အပြင် နိုင်ငံတော်အတွက် စီးပွားရေးအရ အဓိကအားထားရသော တိုင်းတစ်တိုင်းလည်းဖြစ်ကြောင်း။

ပဲခူးရိုးမကို အခြေခံပြီး အရှေ့ဘက်နှင့် အနောက်ဘက်ကို စီးဆင်းနေသည့် ချောင်းများကို တန်ဖိုးရှိရှိ အသုံးချရေး၊ ချောင်းရေကြီးမှုနှင့် သဲနုန်းပို့မှုကို ကာကွယ်တားဆီးရေး၊ ရေလျှံရေကြီးပြီး ရေရှားနေမှုကို ဖြေရှင်းရေးတို့အတွက် နိုင်ငံတော်အစိုးရသည် ပဲခူးတိုင်း အရှေ့ခြမ်းမှာရော အနောက်ခြမ်းမှာပါ ဆည်တမံလုပ်ငန်းများကို တည်ဆောက်ပေးခဲ့သည်မှာ ယခုဆိုလျှင် ဆည်တမံအစုအဖွဲ့အဖြစ် ပုံပေါ်တည်ရှိနေပြီဖြစ်ကြောင်း။

ထို့ပြင် မြစ်ရေတင်လုပ်ငန်း အငယ်စား၊ ချောင်းမြောင်းတမံ ပိတ်ဆို့မှုလုပ်ငန်းများစွာကို ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အားဖြည့် တည်ဆောက်နိုင်ခဲ့သည့်အတွက် ရေသောက်ဧရိယာ ဧက ၁၁ သိန်းခန့်အထိ တိုးချဲ့ဖြစ်လာပြီး ယခင်က သီးထပ်စိုက်ဧရိယာ ဧက ငါးသိန်းကျော်မှ ယခုဧက သိန်း ၂၀ ကျော်အထိ တိုးတက်လာခဲ့ကြောင်း။

မိုးစပါးဧက သိန်း ၃၀ ကျော်၊ နွေစပါးဧက သုံးသိန်းခွဲစသည်ဖြင့် စပါးစိုက်ပျိုး ထုတ်လုပ်မှုမှာလည်း သိသိသာသာ မြင့်တက်လာလျက်ရှိကြောင်း။

ထို့အတူ ဆီထွက်သီးနှံစိုက်ပျိုးမှုမှာလည်း ယခင်က ဧက ၁ ဒသမ ၅ သိန်းခန့် ရှိခဲ့ရာမှ ယခုဧက လေးသိန်းကျော် ငါးသိန်းခန့်အထိ လည်းကောင်း၊ ပဲမျိုးစုံစိုက်ဧရိယာ ဧက နှစ်သိန်းကျော်မှ ဧက ၁၃ သိန်းကျော်အထိလည်းကောင်း တိုးတက်လာခဲ့ပြီး လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တစ်ရပ်လုံးမှာ ယခင်အခြေအနေများနှင့် မတူတော့ဘဲ တန်ဖိုးအရရော၊ ထုတ်လုပ်မှုအရေအတွက်အရပါ သိသာစွာ ပြောင်းလဲတိုးတက်လာလျက်ရှိကြောင်း။

ယင်းသို့ ပြောင်းလဲတိုးတက်မှုများသည် နိုင်ငံတော်အစိုးရ၏ ဖန်တီးဖော်ဆောင်ပေးသည့် အခြေအနေကောင်းများကို ဒေသခံပြည်သူများက ထိထိရောက်ရောက် အသုံးချပြီး ကြိုးကြိုးစားစား အလုပ်လုပ်ခဲ့ခြင်းကြောင့် ပေါ်ထွက်လာသည့် အကျိုးရလဒ်ကောင်းများပင်ဖြစ်ကြောင်း။

ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် ယခုကဲ့သို့ ဆည်တမံလုပ်ငန်းများအပြင် ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးလုပ်ငန်းကိုပါ ပူးတွဲဖန်တီးတည်ဆောက်ထားမှုများကို ကြည့်မည်ဆိုလျှင် ယခု ခပေါင်းရေအားလျှပ်စစ်စက်ရုံ မတိုင်မီကပင် မဂ္ဂါဝပ် ၂၀ ရှိသည့် ဇောင်းတူရေအားလျှပ်စစ်၊ ၂၅ မဂ္ဂါဝပ်ရှိသည့် ရဲနွယ်ရေအားလျှပ်စစ်၊ ၂ မဂ္ဂါဝပ် အားရှိသည့် ပသိရေအားလျှပ်စစ် စသည့် စက်ရုံလေးခုတို့ကို တည်ဆောက်ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး မဂ္ဂါဝပ် ၄၀ ရှိသည့် ဖြူးချောင်းစီမံကိန်း၊ မဂ္ဂါဝပ် ၆၀ ရှိသည့် ကွန်းချောင်းစီမံကိန်း၊ ၇၅ မဂ္ဂါဝပ်ရှိသည့် ရွှေကျင်စီမံကိန်း၊ ၁၄၀ မဂ္ဂါဝပ်ရှိသည့် သောက်ရေခပ်(၂) စီမံကိန်းများကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ စီမံကိန်းအားလုံးပြီးစီးသည့်အချိန်တွင် ပဲခူးတိုင်းသည် လယ်ယာကဏ္ဍမှာသာမက လျှပ်စစ်စွမ်းအားကဏ္ဍ၌လည်း နိုင်ငံတော်က အားထားရသည့် တိုင်းတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်သွားမှာဖြစ်ကြောင်း။

ယနေ့ကာလသည် နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍစုံမှ ဘက်စုံဖွံ့ဖြိုးလာအောင် အခြေချထူထောင်နေသော ကာလဖြစ်ကြောင်း၊ အခြေခံကောင်းများ အတော်အတန် ပြည့်စုံနေပြီဖြစ်သည့်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းအစီအစဉ်များကို ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည် ဖော်လျက်ရှိရာတွင်လည်း ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပတော့မည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ဒီလိုအခြေအနေ အချိန်မျိုးတွင် ပြည်ပစွက်ဖက်မှု၊ နှောင့်ယှက်မှုနှင့် ဖိအားပေးမှုများကလည်း ပုံစံအမျိုးမျိုး၊ အကြောင်းပြချက်အဖုံဖုံနှင့် ရှိနေဆဲဖြစ်သည့်အတွက် တစ်မျိုးသားလုံး ပေါင်းစည်းညီညွတ်သည့် အင်အားနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ လွတ်လပ်မှု၊ မိမိပြည်တွင်းရေးကို ကိုယ်ပိုင်ဆုံးဖြတ် ပြဋ္ဌာန်းပိုင်ခွင့်တို့ကို မြဲမြဲခိုင်ခိုင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီညွတ်စွာ စုပေါင်းညှိနှိုင်း ရေးဆွဲထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ကိုယ်ပိုင်အနှစ်၊ ကိုယ်ပိုင်အခြေခံဥပဒေကြီး ဖြစ်ကြောင်း၊ ယင်းအခြေခံဥပဒေမူကြမ်း အတည်မဖြစ်စေရေးအတွက် သွေးထိုး၊ သွေးခွဲလှုံ့ဆော်မှုများသည် ဒီမိုကရေစီ လူနေမှုဘဝကို ဖော်ဆောင်ရန် အလှမ်းဝေးစေပြီး အဆုံးစွန်မှာ နိုင်ငံတော်ကို အနောက်နိုင်ငံကြီးအချို့၏ အခြွေအရံနိုင်ငံဘဝ၊ နောက်မြီးဆွဲနိုင်ငံဘဝကို နိမ့်ကျလျှောဆင်းသွားစေမှာ ဖြစ်သည့်အတွက် တစ်မျိုးသားလုံးက အစစသတိထားပြီး အစွမ်းကုန် ကာကွယ်တားဆီးသွားကြရမှာပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်စလုံးကို ပြီးစီးအောင်မြင်အောင် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ကြရမှာ ဖြစ်ကြောင်း၊ ဤသည်မှာ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်လည်း ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ခပေါင်းစီမံကိန်းကို တာဝန်ယူ တည်ဆောက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်း အဆင့်အတန်းအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် ယနေ့ ဖွင့်လှစ်လိုက်သည့် ခပေါင်းရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံတို့သည် တိုင်းကျိုးပြည်ဆောင် ဘက်စုံစီမံကိန်းကြီးအဖြစ် ရေရှည်တည်တံ့ အသုံးဝင်နေအောင် ဝိုင်းဝန်းထိန်းသိမ်းကြပါ၊ ပတ်ဝန်းကျင် သစ်တောသစ်ပင်များကိုလည်း ကာကွယ်စောင့်ရှောက်ပြုစုကြပါဟု တိုက်တွန်းမှာကြားနိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ခပေါင်းရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ဒေသခံပြည်သူများကိုယ်စား အုတ်တွင်းမြို့နယ်မှ ဦးသန်းထိုက်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန် ကျရောက်သည်နှင့် အတွင်းရေးမှူး(၁)က ခပေါင်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က ခပေါင်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ခပေါင်းရေလှောင်တမံသည် ပဲခူးတိုင်း အုတ်တွင်းမြို့၏ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး မြေသားတမံ အမျိုးအစားဖြစ်ကာ ရေလှောင်တမံ အမြင့်သည် ပေ ၂၀၀ ရှိ၍ အလျားမှာ ပေ ၉၂၀ ရှိသည်။ ဆည်ရေပေးနိုင်သည့် ဧရိယာမှာ လယ်မြေဧက တစ်သိန်းသို့ ရေပေးဝေနိုင်မည်ဖြစ်သည်။ ခပေါင်းရေလှောင်တမံသည် ၂၀၉ ခုမြောက် ဖွင့်လှစ်သော ရေလှောင်တမံဖြစ်ပြီး ပဲခူးတိုင်းအတွင်း တည်ဆောက်ပေးခဲ့သော ရေလှောင်တမံများအနက် ၄၅ ခုမြောက် ဖွင့်လှစ်နိုင်ခဲ့သော တမံဖြစ်သည်။

ယင်းနောက် ခပေါင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ မုခ်ဦးရှေ့၌ နေရာယူကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးတို့က ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ မုခ်ဦးရှေ့၌ တာဝန်ရှိသူများ၊ဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်အခါ ကျရောက်သည်နှင့် အတွင်းရေးမှူး(၁)သည် ခပေါင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

နိုင်ငံတော် အေးချမ်းသာယ
အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြ
ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေး

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေအားလျှပ်စစ် ဓာတ်အား ပေးစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ...က်ရုံ ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ် (သတင်းစဉ်)

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တို့ကလည်း ကမ္ဗည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ ဖရန်စစ်တာဘိုင်နှင့် ဂျင်နရေတာစက်နှစ်လုံး လည်ပတ်နေမှု၊ ရေထုတ်မြောင်းနှင့် Control Room တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHMC နှင့် CNEEC တို့မှ ပညာရှင်များအား ဂုဏ်ပြုပန်းခြင်းလက်ဆောင်များ ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းအတွင်း တည်ဆောက်ပေးခဲ့သော ရေလှောင်တမံများအနက် ၄၅ ခုမြောက် ဖွင့်လှစ်နိုင်ခဲ့သော တမံဖြစ်သည်။

ယင်းနောက် ခပေါင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မုခ်ဦးရှေ့၌ နေရာယူကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မုခ်ဦးရှေ့၌ တာဝန်ရှိသူများ၊ဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်အခါ ကျရောက်သည်နှင့် အတွင်းရေးမှူး(၁)သည် ခပေါင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ရှင်းလင်းခန်းမဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)အား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ခပေါင်းရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ရှုရပ်မှနေ၍ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး နံနက် ၁၁ နာရီတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကလောမြို့ ဓမ္မရောင်ခြည်မဟာစည် သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၃

ကလောမြို့ ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာတွင် စတုတ္ထအကြိမ်မြောက် လူငယ်များ ယဉ်ကျေးမှုသင်တန်း တရားစခန်းကို မတ် ၂၉ ရက်မှ ဧပြီ ၇ ရက်အထိလည်းကောင်း၊ (၂၅)ကြိမ်မြောက် လူကြီးတရားစခန်းကို ဧပြီ ၁၁ ရက်မှ ၂၅ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။

ဟောကြားမည်

ယင်းတရားစခန်းတွင် မဟာစည်ဆရာတော်ကြီး၏ ဉပနိဿယ ဝိပဿနာတရားများကို ခံယူလျက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာမှ ကမ္မဋ္ဌာနာစရိယ မဟာစည်ဓမ္မကထိက ဝန်ဆောင်ဆရာတော်များဖြစ်ကြသည့် ဦးပညာဇောတ(ဓမ္မာစရိယ)၊ ဦးဓမ္မလင်္ကာရ(ဓမ္မာစရိယ)နှင့် ဦးသံဝရ(ဓမ္မာစရိယ)တို့က တရားတော်များ ဟောကြားပြသသွားမည် ဖြစ်သည်။

လှူဒါန်းနိုင်

လူငယ်တရားစခန်းဝင်လိုသူများသည် မတ် ၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ လူကြီးတရားစခန်း ဝင်လိုသူများသည် ဧပြီ ၈ ရက် နောက်ဆုံးထား၍လည်းကောင်း စာရင်းပေးသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ဆေးဝါးများလှူဒါန်းလိုသော အလှူရှင်များသည် ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာ (၃)ရပ်ကွက် ကလောမြို့ ဖုန်း-၀၈၁၅၀၁၃၂၊ တော်ဝင်ပုံနှိပ်တိုက် (၅)ရပ်ကွက် ကလောမြို့၊ ဒေါ်နုနု (နုရတနာရွှေဆိုင်) (၄)ရပ်ကွက် ကလောမြို့၊ ဦးမျိုးထွန်း(ပြည့်စုံစတိုး) (၃)ရပ်ကွက် အောင်ပန်းမြို့၊ ဦးမောင်မောင်(မိုးမိတ္တူ) (၁)ရပ်ကွက် အောင်ပန်းမြို့၊ ဆရာမဒေါ်တင်တင်နွယ် (၁)ရပ်ကွက် အောင်ပန်းမြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

FMI City ရိပ်သာကျောင်း (လှိုင်သာယာ) ကမ္ဘာ့သာသနာပြု ချမ်းမြေ့ဆရာတော် အထူးတရားပွဲ

ရန်ကုန် မတ် ၂၃

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီးသည် ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်နှင့် ၅ ရက် (မတ် ၂၅ ရက် အင်္ဂါနေ့နှင့် ၂၆ ရက် ဗုဒ္ဓဟူးနေ့)တို့တွင် ညစဉ် ၇ နာရီမှစ၍ လှိုင်သာယာမြို့နယ် ပဒေသာပင်မြို့တော် (FMI City)၌ တည်ရှိသော FMI City ရိပ်သာကျောင်း၌ "ဆင်းရဲငြိမ်းအေးချမ်းသာရေး" တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ညောင်ရိပ်သာ ဓမ္မဗိမာန်အလှူ

ရန်ကုန် မတ် ၂၃

သာကေတမြို့နယ် ၁၀၈ တောင် ဘုရားကြီးအနီး ညောင်ရိပ်သာတရားစခန်းတွင် သင်္ကြန်အကြို သင်္ကြန်တွင်း ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းဖွင့်၍ လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရ နည်းအရ ပဓာနနာယက အရှင်ကေသရာဘိဝံသ ဆရာတော်က (၄၄၊ ၄၅) ကြိမ်မြောက် တရားပြလျက်ရှိရာ တိုးချဲ့ဓမ္မဗိမာန်ကျောင်းတော်ကြီးနှင့် ဆွမ်းဝေယျာဝစ္စအတွက်ဗိုလ်တထောင်မှ ဦးလင်စွန်းဟန်အားရည်စူး၍ ဇနီးဒေါ်ခင်လှနှင့် သမီး ဒေါက်တာဒေါ်စန်းစန်းရီ၊ အဒေါ် ဒေါ်စောရီ အောင်ချမ်းသာက ငွေကျပ်လေးသိန်း၊ ဦးမောင်ဝင်း-ဒေါ်ခင်ထား၊ သား ဦးပြည့်စုံ ဒုလ္လဘရဟန်းမိသားစု (၁၀)မြောက် ရတနာပုံတိုက်က ငွေကျပ်လေးသိန်း၊ ဦးစန်းငွေအား ရည်စူး၍ ဇနီး ဒေါ်လှဝင်း၊ သားသမီးမြေး မြင်တော်သာလမ်းမ(သမ္မတ)က ငွေကျပ်သုံးသိန်း၊ ဦးမျိုးခိုင်-ဒေါ်နေခြည်၊ သမီး ဆုမြတ်သီရိ၊ မသက်ဝတီနှင်း (၁၀)မြောက် ရတနာပုံတိုက်က ငွေကျပ် တစ်သိန်းငါးသောင်း အသီးသီးလှူဒါန်းကြသည်။ ဓမ္မဗိမာန်တရားစခန်းနှင့် ဆွမ်းဝေယျာ ဝစ္စစေတနာရှင်များသည် ဖုန်း- ၅၄၇၀၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်

ရန်ကုန် မတ် ၂၃

မြောက်ဥက္ကလာပမြို့နယ် အမက(၈) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အသက်(၆၀)နှစ်အထက် ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို အဆိုပါကျောင်း ငမိုးရိပ်ခန်းမဆောင်၌ မတ် ၃၀ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးကြည်ဦးသိန်း ဖုန်း-၆၉၉၈၇၆၊ ဦးထွန်းထွန်းဦး ဖုန်- ၉၀၅၀၀၉၈၉၇နှင့် ဦးဝင်းနိုင် ဖုန်း- ၀၉၅၁၂၉၁၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၇)

မတ် ၂၃ ရက်က ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ နှစ်ပတ်လည် အမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Muhammad Nawaz Chaudhry နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အရိယာမဂ္ဂင်ရှစ်ပါးဝိပဿနာ"တရားတော် (မဟာသဒ္ဓမ္မဇောတိကဓဇ မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၈း၁၀-၂း၁၀	Soccer Update
၈း၂၅-၂း၂၅	တီဘီကင်းစင် ကမ္ဘာတစ်ခွင် လူတိုင်းတာဝန်ပင် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်)
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	MRTV-4 စာအုပ်စင်ကဏ္ဍ [ဆရာတော်ရဝေနွယ်(အင်းမ)နှင့် တွေ့ဆုံခြင်း]
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	ပီတိဝေဖြာ အလှူတော်မင်္ဂလာ
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အဆုတ်ကင်ဆာရောဂါအကြောင်း) (ပါမောက္ခဒေါက်တာတင်မောင်ချိုနှင့် တွေ့ဆုံခြင်း)
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	ရော်ဘာစိုက်ပျိုးပြည်အကျိုး ဆတိုးဆောင်ရွက်စီးပွားတက်
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ကမ္ဘာ့ဿကတာသမ္မာဒိဋ္ဌိ (အပိုင်း-၁) (ဆရာကြီးဦးဌေးအောင်)
၁၁း၁၅-၅း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	ACTIVTIES IN THE CITY
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀-၆း၀၀	စားချင်စဖွယ် နည်းအသွယ်သွယ် (မုန်လာဉနီဆန္ဒင်းမကင်း)
၁၂း၁၅-၆း၁၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (မျက်ရည်တံခါး)
၁၂း၄၅-၆း၄၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ **မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇း၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ မြန်မာစာ၊ မြန်မာစကား အပိုင်း (၁)
၇း၅၀	၅။ **"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၈း၀၀	၆။ တေးဂီတအစီအစဉ်
၈း၁၅	၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၈။ International News.
၈း၄၀	၉။ Let's Go.
၈း၅၀	၁၀။ နွောင်းခေတ်တေးပဒေသာ
၉း၀၀	၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄း၂၀	၃။ English for Every day Use.
၄း၃၅	၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၅၀	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၆။ **"အေးမြသော လေညင်းလေးများ" (မေတ္တာ၊ ဇေယျာ၊ စိုးမိုးကြည်၊ ရှူးရှူးမောင်) (ဒါရိုက်တာ- အောင်မိုး-ပဲရစ်)**
၅း၂၅	၇။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၃၅	၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၅	၉။ **"ပြည်သူ့အတွက် တပ်မတော်" (နတလ၊ ဆက်သွယ်ရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု)**
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၃၅	၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
၇း၁၅	၁၂။ **"အဖေတူသား"(အပိုင်း-၁) ဇင်ဝိုင်း၊ လူမင်း၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ ပန်းဖြူ၊ နန္ဒာလှိုင်၊ သက်မွန်မြင့်၊ မေသဉ္ဇာဦး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၈း၀၀	၁၃။ ပြည်တွင်းသတင်း
	၁၄။ နိုင်ငံတကာသတင်းများ
	၁၅။ မိုးလေဝသအခြေအနေ
	၁၆။ **"အဖေတူသား" (အပိုင်း-၂) ဇင်ဝိုင်း၊ လူမင်း၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ ပန်းဖြူ၊ နန္ဒာလှိုင်၊ သက်မွန်မြင့်၊ မေသဉ္ဇာဦး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
	၁၇။ အစီအစဉ်ပြီး၏။



အီရန်ကို စစ်ရေးအရ အရေးယူလျှင် ပျက်စီးမှုကြီးမားစွာ ကြုံရမည်ဟု ကိုဖီအာနန်ပြောကြား

နယူးယောက် မတ် ၂၃

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က အီရန်နိုင်ငံအပေါ် စစ်ရေးအရ အရေးယူမှုပြုလုပ်လျှင် ပျက်စီးခြင်းနှင့် ကြုံတွေ့ရမှာဖြစ်ကြောင်း၊ ကြုံတွေ့နေရသော အကျပ်အတည်းကို ဖြေရှင်းနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ဆွေးနွေးခြင်းပင်ဖြစ်ကြောင်း ကြာသပတေးနေ့က ပြောကြားလိုက်သည်။

လွန်ခဲ့သောနှစ်က အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ဒုတိယသမ္မတ ဒစ်ချေနီတို့က ၎င်းတို့သည် လိပ်ခဲတည်းလည်းဖြစ်နေသော အီရန်အခြေအနေကို သံတမန်နည်းလမ်းအရ ဖြေရှင်းရန် ဆန္ဒရှိကြောင်း ပြောကြားသော်လည်း စစ်ရေးနည်းလမ်းကို ဖယ်ရှားရန် ငြင်းဆန်ခဲ့ကြသည်။

ယူရေနီယံကို သန့်စင်ခြင်းသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အသုံးချနိုင်သကဲ့သို့ အဏုမြူဗုံး ထုတ်လုပ်ရာတွင်လည်း အသုံးချနိုင်သည်။ အီရန်အစိုးရက ၎င်းတို့၏ အဏုမြူရည်မှန်းချက်သည် ငြိမ်းချမ်းရေးအတွက်ဖြစ်ကြောင်း ပြောကြားသော်လည်း ဝါရှင်တန်နှင့် အခြားနိုင်ငံတို့က မယုံကြည်ကြပေ။

ကိုဖီအာနန်သည် ကုလသမဂ္ဂဆိုင်ရာ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် အီရန်နိုင်ငံအား စစ်ရေးအရ အရေးယူရေးမှာ မဖြစ်နိုင်ကြောင်းကို ၎င်းကိုယ်တိုင် သေချာစွာ သိကြောင်း၊ စစ်ရေးအရ အရေး ယူခြင်းကို မည်သူကမျှ မစဉ်းစားရန် မျှော်လင့်ကြောင်း၊ စစ်ရေးအရ အရေးယူခဲ့လျှင်လည်း ပျက်စီးမှုကြီးမားစွာ အမှန် ကြုံတွေ့ရမှာဖြစ်ကြောင်း၊ စေ့စပ်ဆွေးနွေးခြင်းထက် သင့်လျော်သော အခြားနည်းလမ်းကို မတွေ့မြင်ကြောင်း ရှင်းပြသွားသည်။

သို့သော် အီရန်နိုင်ငံသည် အဏုမြူလက်နက်ထုတ်လုပ်လာလျှင် အရှေ့အလယ်ပိုင်းဒေသ၌ အဏုမြူလက်နက်ပြိုင်ဆိုင်မှု ကြီးမားလာမည်ကို အထူးစိုးရိမ်ရကြောင်း ဆက်လက် ပြောကြားသည်။

အကယ်၍ တီဟီရန်က ငြိမ်းချမ်းရေးရည်မှန်းချက်အတွက် ယူရေနီယံသန့်စင်ရန် နည်းပညာကျွမ်းကျင်မှုကို လေ့လာနေသည်ဆိုလျှင် လက်နက်အတွက် အသုံးချရန် သေးငယ်သော ခြေလှမ်းတစ်ရပ် ဖြစ်လိမ့်မည်ဟု ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အင်္ဂလန်နိုင်ငံ အရှေ့မြောက်ဘက်ရှိ ပင်လယ်ပြင်၌ လေပြင်းတိုက်ခတ်ပြီး အဆက်မပြတ် ရိုက်ခတ်နေသည့် လှိုင်းလုံးကြီးများကို မတ် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဒေါ်လာဈေးတက်၊ ရွှေနှင့်ရေနံဈေးကျ

နယူးယောက် မတ် ၂၃

အမေရိကန်ဒေါ်လာသည် ကြာသပတေးနေ့က ယူရိုနှင့်အခြားငွေ ပမာဏများနှင့် လဲလှယ်ရာတွင် ဆက်လက် မြင့်တက်လာပြီး ရွှေ၊ ရေနံနှင့် အခြားကုန် ပ စ္စည်း များ ၏ ဈေးနှုန်းသည် ကျဆင်းလာသည်။

နယူးယောက် ဈေးကွက်တွင် ကြာသပတေး စာရင်းဇယားများအရ ရေနံဈေးနှုန်းသည် အဆမတန် မြင့်တက်လာ၍ ဝယ်လိုအား ကျဆင်းလာပြီး ရွှေနှင့်ရေနံအပေါ် ရင်းနှီးမြှုပ်နှံသူများသည် ဆက်လက် မဝယ်တော့ဟန်ရှိသည်။

နေ့က ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၉ အောက်သို့ ဆင်းသွားသည်။

အမေရိကန် နှင့် ဥရောပ ဈေးကွက်မှာ အီစတာ အားလပ်ရက်အတွက် သောကြာနေ့တွင် ပိတ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်...

ဘရာဇီးတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်သူ ၃၆၀၀၀ ထိတိုးလာ

ရီယိုဒီဂျနေးရိုး မတ် ၂၃

ဘရာဇီးနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ရီယိုဒီဂျနေးရိုးမြို့တွင် ယခုအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၃၆၀၀၀ ခန့်ရှိနေသောကြောင့် ဆေးရုံများတွင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာကြောင်း ကျန်းမာရေးအရာရှိများက သောကြာနေ့တွင် ပြောကြားသည်။

နှစ်ဆဖြစ်လာမည်

ရီယိုဒီဂျနေးရိုးမြို့တွင် ကြာသပတေးနေ့ တစ်ရက်တည်းမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၀၅၃ ဦး မှတ်ပုံတင်ခဲ့သည်။ ယခုအချိန်ထိ သေဆုံးသူ အနည်းဆုံး ၄၇ ဦးရှိပြီး နောက်ထပ်သေဆုံးသူနှစ်ဆခန့် တိုးလာနိုင်ကြောင်း ခန့်မှန်းထားသည်။

ဘရာဇီးအစိုးရ၏ ပြောကြားချက်အရ သွေးလွန်တုပ်ကွေးရောဂါသည် ထက်ဝက်မှာ အသက် ၁၄ နှစ်အောက် ကလေးများဖြစ်ပြီး ၎င်းတို့အနက်မှ ၂၄ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

ရီယိုဒီဂျနေးရိုးမြို့ ကျန်းမာရေးအရာရှိများက ခြင်ကိုက်မခံရစေရန်အတွက် ကလေးများအား ဘောင်းဘီရှည်ဝတ်ရန်၊ ခြေအိတ်စွပ်ရန်၊ ရှူးဖိနပ်စီးရန်နှင့် ခြေညှပ်ဖိနပ်မစီးရန် တိုက်တွန်းလျက်ရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ပီရူးနိုင်ငံ လီမာမြို့ရှိ တိရစ္ဆာန်ရုံ၌ အမည်မပေးရသေးသည့် သုံးရက်သား မြင်းကျား ငယ်တစ်ကောင်ကို မိခင်နှင့်အတူ မတ် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

သီရိလင်္ကာ၌ မိုးသည်းထန်စွာရွာသွန်း၊ ရှစ်ဦးသေဆုံး

ကိုလံဘို မတ် ၂၃

သီရိလင်္ကာနိုင်ငံတွင် လွန်ခဲ့သည့် သီတင်းပတ်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အနည်းဆုံး ရှစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကာ လူပေါင်း ၁၇၄၂၁၇ ဦး အိုးပစ်အိမ်ပစ်ထွက်ပြေးခဲ့ရကြောင်း ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်း ဗဟိုဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

လွန်ခဲ့သည့်စနေနေ့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ သစ်ပင်များလဲပြိုခြင်းနှင့် မိုးကြိုးပစ်ခံရခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ယင်းဘေးအန္တရာယ်နှင့်ရင်ဆိုင်ရသည့် ခရိုင်များမှာ အမ်ပါရာ၊ ဘတ်တီကာလိုယာနှင့် တရင်ကိုမာလီခရိုင် အရှေ့ဘက်၊ ဂျက်ဖ်နာနှင့် ဖန်နာခရိုင် မြောက်ဘက်၊ ဂမ်ပါဟာနှင့် ပူတလန်ခရိုင် အနောက်မြောက်ဘက်၊ ဂမ်ပါဟာခရိုင် အနောက်ဘက် ဘာဒူလာခရိုင်အလယ်ပိုင်းနှင့် မွန်နီရာဂါလာခရိုင် အရှေ့တောင်ပိုင်းဒေသများ ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တဲလ်အဗစ်၌ ပြုလုပ်သော အစ္စရေးနှင့်အမေရိကန် လေးရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြီးဆုံး

ဂျေရုဆလင် မတ် ၂၃

အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့များ (အိုင်ဒီအက်ဖ်)နှင့် အမေရိကန်–ဥရောပ ကွပ်ကဲမှုဌာန(အီးယူစီအိုအမ်)တို့၏ တဲလ်အဗစ်တွင် လေးရက်ကြာ စစ်ရေးလေ့ကျင့်မှုမှာ ပြီးဆုံးပြီဖြစ်ကြောင်း ဟာရက်ဇ်သတင်းစာက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ကြာသပတေးနေ့က ဖော်ပြထားသည်။

စစ်ရေးလေ့ကျင့်

ဥရောပနှင့်အစ္စရေးနိုင်ငံရှိ အမေရိကန် လေတပ်က ကြီးကြပ်ကွပ်ကဲသော ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းသည် သောကြာနေ့က ပြီးဆုံးသည်။ အဆိုပါ လေ့ကျင့်ခြင်းကို ရာမက်အဗစ်ရှိ ပါးလ်မက်စ် သမိုင်းပြတိုက်အနီးတွင်ရှိသော အဗစ်စစ်စခန်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့၊ အစ္စရေးလေတပ်နှင့်ရေတပ်မှ အရာရှိကြီးများ ပါဝင်သည်။

အီးယူစီအိုအမ်၏ တပ်မှူး၊ အမေရိကန် ကြည်းတပ် ဗိုလ်ချုပ်ကြီး ဘန့်ဇ်ဂျေ ကရတ်ဒေါ့က အမေရိကန်ကွန်ဂရက်၏ ရှေ့မှောက်တွင် အစစ်ဆေးခံရာ၌၎င်း၏ဌာနနှင့် အိုင်ဒီအက်ဖ်တို့ ပူးတွဲလေ့ကျင့်ခြင်း၏ အရေးပါပုံကို အလေးအနက်ထား ပြောကြားခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

အရက်သောက်သော အမျိုးသမီးများ ကင်ဆာဖြစ်နိုင်ကြောင်း အင်္ဂလန်တွင် သတိပေး

လန်ဒန် မတ် ၂၃

သင့်လျော်သော အတိုင်းအတာထက်ပို၍ အရက်သေစာ သောက်သုံးသော အမျိုးသမီးများသည် ရင်သားကင်ဆာဖြစ်ရန် ၅၀ ရာခိုင်နှုန်း အလေးသာကြောင်း ဗြိတိန်နိုင်ငံ ကျန်းမာရေးဌာနက သတိပေးလိုက်သည်။

အစိုးရသည် လူလတ်ပိုင်းအရွယ်အမျိုးသမီးများကို ရည်ရွယ်၍ စတာလင်ပေါင် ၁၀သန်း (အမေရိကန်ဒေါ်လာသန်း ၂၀ကျော်) ကုန်ကျသော ကြော်ငြာလုပ်ရှားမှုကို စတင်ပြီဖြစ်ကြောင်း၊ အဆိုပါအမျိုးသမီးများသည် ၎င်းတို့၏ အရက်စွဲသည့်အတွက် ရရှိသော ဆိုးကျိုးကို လျှော့တွက်ထားပုံရကြောင်း ဘီဘီစီက စနေနေ့တွင် ကြေညာသွားသည်။

ကျန်းမာရေးဌာနက ဖြန့်ဝေသည့် အစီရင်ခံစာတစ်စောင်တွင် တစ်ပတ်လျှင် အယ်လ်ကိုဟော ၁၄ ယူနစ်ထက်ပိုသောက်သော အမျိုးသမီးများသည် ရင်သားကင်ဆာ ခံစားရမည်ဟု ဖော်ပြပါရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

သေနတ်သမားများ တိုက်ခိုက်မှုကြောင့် နိုင်ဂျီးရီးယား သင်္ဘောသားသေဆုံး

လေဂို့စ် မတ် ၂၃

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသရှိ ရေနံစက်မှုလုပ်ငန်း ဆိပ်ကမ်းတစ်ခုတွင် လုံခြုံရေးဆောင်ရွက်နေသော သင်္ဘောတစ်စင်းအား မော်တော်ဘုတ်တစ်စင်းပေါ်မှ သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် နိုင်ဂျီးရီးယား သင်္ဘောသား တစ်ဦး သေဆုံးကြောင်း လုံခြုံရေးသတင်းအရ ကြာသပတေးနေ့တွင် ပြောကြားသည်။ နိုင်ဂျီးရီးယားနိုင်ငံ အင်နီဆိပ်ကမ်းသည် ရေနံစက်မှုလုပ်ငန်းကုမ္ပဏီများနှင့် သင်္ဘောများအသုံးပြုလျက်ရှိပြီး ဆွန်နီမြစ်တစ်လျှောက် သွားလာနေသည့် လုံခြုံရေးသင်္ဘောအား အမည်မသိ သေနတ်သမား ၁၅ ဦးခန့် က မတ် ၁၉ ရက်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ပီကေကေ သောင်းကျန်းသူအခြေစိုက်စခန်းများကို တူရကီတပ်ဖွဲ့ ရဟတ်ယာဉ်တစ်စင်းက မတ် ၂၀ ရက်တွင် ဖုံးကြဲတိုက်ခိုက်စဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကြေးမုံ The Mirror
နိုင်ငံတကာရေးရာ သတင်းများ

ပါကစ္စတန်ဝန်ကြီးချုပ်လောင်းအမည် ဘူတို၏ပါတီ ကြေညာ

အစ္စလာမ္မာဘတ် မတ် ၂၃

လုပ်ကြံခံရသော ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီသည် ယခင်ပါလီမန် ဥက္ကဋ္ဌဟောင်း ယူဆွတ်ရာဇာဂီလာနီအား ဝန်ကြီးချုပ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းလိုက်ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူက စနေနေ့တွင် ပြောသည်။

သမ္မတ ပါဗက်မူရှာရက်ဖ်က ဝန်ကြီးချုပ်ရွေးချယ်ရန်အတွက် တနင်္လာနေ့တွင် ပါလီမန်ကို ပြန်လည်ကျင်းပရန် ညွှန်ကြားခဲ့သည်။ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဂီလာနီသည် ဝန်ကြီးချုပ် အမည်စာရင်းတင်သွင်းရန် ၎င်း၏ပါတီနှင့် မိတ်ဆွေပါတီများ၏ ထောက်ခံမှုကိုရရှိခဲ့သည်။

ပီပီပီပါတီကို ဦးဆောင်နေသူ ဘူတို၏ ခင်ပွန်း အဆစ်ဖ်အလီဇာဒါရီသည် ပါလီမန်အဖွဲ့ဝင် မဟုတ်သည့်အတွက် ဝန်ကြီးချုပ်အဖြစ် အရွေးခံရန်တရားမဝင်ပေ။ ပီပီပီပါတီ၏ဥက္ကဋ္ဌဖြစ်သူ ဘူတိုနှင့် ဇာဒါရီတို့၏သား ဘီလားဝါလ်ဘူတိုသည် ဗြိတိန်တွင် ပညာသင်ကြားနေရာမှ ပါကစ္စတန်သို့ ခေတ္တပြန်လည်ရောက်ရှိနေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန် ပြည်သူ့ပါတီမှ ဝန်ကြီးချုပ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ ယူဆွတ်ရာဇာဂီလာနီ(ယာအစွန်)အား ပါတီဥက္ကဋ္ဌ ဘီလားဝါလ်ဘူတို၊ ဒုတိယဥက္ကဋ္ဌ အဆစ်ဖ်အလီဇာဒါရီတို့နှင့်အတူ မတ် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျပန်အငှားယာဉ်မောင်းသူကို သတ်မှုဖြင့် ကန်သဘော်သားကိုဖမ်း

တိုကျို မတ် ၂၃

ဂျပန်နိုင်ငံရှိ အမေရိကန်ရေတပ်စခန်းအနီးတွင် ဂျပန်တက္ကစီဒရိုင်ဘာတစ်ဦး အသတ်ခံရသော အမှုနှင့်စပ်လျဉ်း၍ အမေရိကန်ဝန်ထမ်းတစ်ဦးအား ဖမ်းဆီးခဲ့ကြောင်း ပြည်တွင်းသတင်းဌာနများက စနေနေ့တွင် ဖော်ပြကြသည်။

အမေရိကန်ရေတပ်သဘော်အုပ်စု အာဏာပိုင်များက ၎င်းတို့၏ စစ်သားတစ်ယောက်သည် လူသတ်မှုတစ်ခုတွင် ပါဝင်ပတ်သက်နေကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသို့ စောစောပိုင်းက အသိပေးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး ရှိဂဲရူအိရှိဘာက သောကြာနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမေရိကန်စစ်သားသည် ၎င်းပိုင်ဟု ယုံကြည်ရသော ကြွေးဝယ်ကတ်ပြားကို တက္ကစီအတွင်းတွေ့သဖြင့် တက္ကစီဒရိုင်ဘာအား ဓားဖြင့်ထိုးခဲ့သည်ဟု သံသယရှိကြောင်း ယိုကိုဆူကာ ဆိပ်ကမ်းမြို့မှလာသောသတင်းများက ပြောသည်။

၎င်းသံသယရှိသူ အမေရိကန်သည် ယိုကိုဆူကာတွင် တပ်ချထားသော အမေရိကန် အမှတ်(၇) ရေတပ်ဖွဲ့ အေးဂျင့်မှ သဘော်သားဖြစ်ပြီး ယခုလ စောစောပိုင်းကတည်းက ပျောက်ဆုံးနေသည်ဟု သတင်းများက ဆိုသည်။

ဂျပန်တက္ကစီဒရိုင်ဘာ မဆာကီတာကာဟာရှိကို ယိုကူဆူကာမြို့၏ လမ်းတစ် လမ်းပေါ်တွင် ရပ်ထားသောကားပေါ်၌ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ဗုဒ္ဓဟူးနေ့ ည ၉ နာရီကျော်ခန့်တွင် တွေ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဩဂုတ်လအတွင်း ကျင်းပတော့မည့် ပေကျင်းအိုလံပစ်ပြိုင်ပွဲအတွက် အိုလံပစ်အထိမ်းအမှတ်တံဆိပ်များ ရိုက်နှိပ်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-ပေကျင်းရီဗျူး)*

အာဖဂန်နစ္စတန်မြောက်ပိုင်း၌ ခရိုင်အုပ်ချုပ်ရေးမှူးသေဆုံး

မာဇာအီရှာရစ်ဖ်(အာဖဂန်နစ္စတန်) မတ် ၂၃

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် မတ် ၂၂ ရက်က ဓားထိုးခံရမှုကြောင့် အာဖဂန်ခရိုင် အုပ်ချုပ်ရေးမှူး သေဆုံးခဲ့သည်။ ၎င်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ ပြည်နယ်တာဝန်ရှိသူများက တာလီဘန် စစ်သွေးကြွများအား စွပ်စွဲခဲ့သည်။

၂၀၀၁ ခုနှစ်နှောက်ပိုင်းမှ စတင်ပြီး အမေရိကန် ဦးဆောင်သောအဖွဲ့နှင့် အာဖဂန်တပ်ဖွဲ့များကို တာလီဘန်များက ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။ ဂျော့ဇ်ဂျန်ပြည်နယ် ခါနာကွာ ခရိုင် အုပ်ချုပ်ရေးမှူး ကာရမ်ရှိနိုင်သည် ဓားထိုးခံရ၍ သေဆုံးရကြောင်း ပြည်နယ် တာဝန်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နေတိုးဌာနချုပ်၌ စစ်ဆန့်ကျင်ရေးဆန္ဒပြသူများ အဖမ်းခံရ

ဘရပ်ဆယ် မတ် ၂၃

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့တွင် စနေနေ့က စစ်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ် ဆန္ဒပြသူအချို့က မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) ၏ ဌာနချုပ်အတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းကြသောကြောင့် လူ ၅၀၀ ခန့် အဖမ်းခံရကြောင်း ဆန္ဒပြပွဲစည်းရုံးသူများက ပြောကြားသည်။

ယခုဆန္ဒပြပွဲသည် ရိုမေးနီးယားနိုင်ငံ မြို့တော် ဘူခါရက်တွင် ကျင်းပမည့် နေတိုး ညီလာခံမတိုင်မီ ဆယ်ရက်အလို အီရတ်စစ်ပွဲ ငါးကြိမ်မြောက် နှစ်ပတ်လည်နှင့် တိုက်ဆိုင် ကျင်းပခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များ ထူထပ်စွာချထားလင့်ကစား ဆန္ဒပြသမား ၅၀ ခန့်သည် နေတိုးဌာနချုပ်အတွင်းသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့က မီးသတ်ပိုက်များသုံး၍ မဝင်နိုင်အောင်တားခဲ့ကြကြောင်း ၎င်းအဖွဲ့က ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြစ်ပွားနေသော စစ်ပွဲများကို နေတိုးက အကူအညီပေးနေကြောင်း၊ နေတိုးမရှိလျှင် အီရတ်နှင့် အာဖဂန်၌ စစ်ပွဲ ဖြစ်ပွားလာမှာမဟုတ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

နေတိုးသည် ဥရောပနိုင်ငံများကို အမေရိကန်စစ်တပ်အား ထောက်ပံ့ပေးနေသော အဓိက ကျောရိုးများဖြစ်ရန် ဖန်တီးထားကြောင်း၊ ဥရောပစစ်သားများကိုလည်း အာဖဂန်နစ္စတန်မှာ စစ်တိုက်နေစေရန် စီမံထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပီလီနှင့်ဒေးဗစ်ဘက်ဟမ်း

ကမ္ဘာကျော် ဂန္ထဝင်ဘောလုံးသမားကြီး ပီလီနှင့်ဒေးဗစ် ဘက်ဟမ်းတို့အား ဗုဒ္ဓဟူးနေ့ကကျင်းပသည့် အမေရိကန် ဘောလုံးဖောင်ဒေးရှင်း၏ အခမ်းအနား တစ်ခုတွင် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်သို့ တင်ပို့သည့် မော်တော်ယာဉ်များကို လင်းရိုဗာကုမ္ပဏီ ပြန်ရုပ်သိမ်း

ပေကျင်း မတ် ၂၂

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် မော်တော်ယာဉ်များ၌ ချို့ယွင်းမှုများရှိနေသဖြင့် လင်းရိုဗာကုမ္ပဏီက ယာဉ် ၄၃၀၄ စီးကို ပြန်လည် ရုပ်သိမ်းထားကြောင်း အရည်အသွေး ထိန်းသိမ်းရေးတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါ ကုမ္ပဏီက ဖရီးလင်းဒါးအမည်ရှိ မော်တော်ယာဉ် အမျိုးအစားကို ၂၀၀၆ ခုနှစ် နိုဝင်ဘာနှင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွင်း ထုတ်လုပ်ခဲ့ရာ ယင်းမော်တော်ယာဉ်များကို ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်ဟု အရည်အသွေး ကြီးကြပ်စစ်ဆေးရေးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်၌ အမေရိကန်ရဟတ်ယာဉ် မှားယွင်းပစ်ခတ် အယ်လ်ခိုင်ဒါဆန့်ကျင်ရေး အဖွဲ့ဝင်ခြောက်ဦးသေဆုံး

တီကရစ်(အီရတ်) မတ် ၂၃

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ်တွင် ကင်းလှည့်နေသည့် အယ်လ်ခိုင်ဒါ ဆန့်ကျင်ရေးအုပ်စုကို အမေရိကန် ရဟတ်ယာဉ်တစ်စင်းက မှားယွင်း ပစ်ခတ်သဖြင့် ၎င်းအုပ်စု အဖွဲ့ဝင်ခြောက်ဦး သေဆုံးကြောင်း ပြည်နယ် ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ဖြစ်ပွား

ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၁၂၀ အကွာ ဆာမာရာမြို့တောင်ဘက်ရှိ အမ်အယ်လ်တာလာရတ်ကျေးရွာတွင် အရုဏ်ဦးအချိန်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းတိုက်ခိုက်ရေး သမားများသည် ဆွန်နီလူမျိုးစုများဖြစ်ပြီး အီရတ်နိုင်ငံရှိ အယ်လ်ခိုင်ဒါ ဆန့်ကျင်ရေးအုပ်စုမှ ဖြစ်သည်။

သို့သော် အမေရိကန်စစ်ဘက်က ယင်းမတော်တဆဖြစ်ရပ်ကို အတည်ပြု ပြောကြားခြင်းမရှိချေ။

အမ်အင်အေ၊ဆင်ဟွာ။

ပရီမီယာလိဂ်ဘောလုံးပွဲ မန်ယူက လီဗာပူးကို သုံးဂိုးပြတ်နိုင်၊ အာဆင်နယ်အရှုံးပေါ်

လန်ဒန် မတ် ၂၃

အင်္ဂလိပ် ပရီမီယာလိဂ်ပွဲစဉ်(၃၁)ကို ယမန်နေ့နှင့် ယနေ့တို့တွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ ထူးထူးခြားခြားအဖြစ် ၁၂ပွဲတိတိ နိုင်ပွဲမရရှိသေးသည့် နယူးကာဆယ်အသင်းက တန်းဆင်းဇုန်၌ ရောက်နေသော ဖူလ်ဟမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ထို့အတူ စပါးစ်က ပို့စ်မောက်ကို နှစ်ဂိုး-ဂိုးမရှိ၊ မစ်ဒယ်ဘရော့က ဒါဘီကို တစ်ဂိုး-ဂိုးမရှိ၊ ဆန်းဒါးလန်းက အက်စ်တန်ဗီလာကို တစ်ဂိုး-ဂိုးမရှိ၊ ရီးဒင်းက ဘာမင်ဂမ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘလက်ဘန်းက ဝီဂန်ကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ဘော်လ်တန်နှင့် မန်ချက်စတာစီးတီးတို့ ဂိုးမရှိသရေကျသွားသည်။

ယနေ့ ယှဉ်ပြိုင်ကစားသည့် နာမည်ကြီး မန်ချက်စတာယူနိုက်တက်နှင့် လီဗာပူးတို့ပွဲတွင် မန်ယူက သုံးဂိုးပြတ်ဖြင့်နိုင်သွားသည်။ နှစ်ဖက်စလုံး လူစုံထုတ်ကာ အင်ပြည့်အားပြည့် ကစားကြသည်။ ၄၄ မိနစ်တွင် လီဗာပူးမှ မာရှေရာနို နှစ်ဝါတစ်နီဖြင့် အထုတ်ခံလိုက်ရပြီးနောက်ပိုင်း မန်ယူက အသာစီးဖြင့် ကစားသွားနိုင်သည်။ ပထမပိုင်း ၃၄ မိနစ်တွင် နောက်ခံလူ ဝက်စ်ဘရောင်းက ခေါင်းတိုက်သွင်း၍ မန်ယူ ပထမဂိုးရသည်။ ၇၉ မိနစ်တွင် ထောင့်ကန်ဘောကို စီရော်နယ်ဒိုက ခေါင်းတိုက်သွင်း၍ မန်ယူ ဒုတိယဂိုးရရှိသည်။ မန်ယူအတွက် တတိယဂိုးကို ၈၁ မိနစ်တွင် နာနီက သွင်းယူခဲ့သည်။

အခြားပွဲစဉ်တစ်ရပ်တွင် ချယ်လ်ဆီးက အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ဒုတိယနေရာသို့ တက်လာသည်။ ***အင်တာနက်။***

နာမည်ကြီး ရုရှား တင်းနစ်မယ် ရှာရာပိုဗာ သောကြာနေ့က ကျင်းပသော ပစိဖိတ် လိုက်ဖ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ယှဉ်ပြိုင်ကစားစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ ၂၀၀၈ ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ပူးပေါင်းစီစဉ်သော မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၈(Myanmar ICT Exhibition-2008) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမဥ္စကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက ပြပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးခွန်ဦးနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းတို့က မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ ၂၀၀၈ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ပြည်တွင်းကုမ္ပဏီနှင့် လုပ်ငန်းရှင်တို့၏ အရောင်းပြခန်းများရှိ နိုင်ငံတကာ အသိအမှတ်ပြု အမှတ်တံဆိပ်ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Networking ဆိုင်ရာ နည်းပညာအသစ်အဆန်းများ၊ Software Solutionများ၊ ကွန်ပျူတာဆိုင်ရာ သင်တန်းများနှင့် စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ ၂၀၀၈တွင် ပြည်တွင်းကုမ္ပဏီပေါင်း ၈၂ခုတို့က ပြခန်းပေါင်း၁၆၆ဆိုင် ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ယနေ့မှ မတ်၂၅ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ကာ ပြပွဲကာလအတွင်း ကွန်ပျူတာဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ စာအုပ်စာတမ်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၈ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူများနှစ်သက်သဘောကျစေမည့် "သစ္စာမော်ကွန်း" (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၃

တပ်မတော်သားတို့၏ စွန့်လွှတ်စွန့်စားမှုများ၊ ပြည်သူတို့နှင့် တစ်သားတည်းရှိမှုများကို စိတ်ဝင်စားဖွယ် ဖော်ကျူးရိုက်ကူးထားသော (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုရုပ်မြင်သံကြား ဇာတ်လမ်းဖြစ်သည့်"သစ္စာမော်ကွန်း"ကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီ ရုပ်မြင်သံကြားတို့မှ မတ် ၂၆ရက်တွင် ထုတ်လွှင့်ပြသတော့မည်ဖြစ်သည်။

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

"သစ္စာမော်ကွန်း" ရုပ်မြင်သံကြားဇာတ်လမ်းကို ဒါရိုက်တာ ညိုမင်းလွင်၊ ဝတ္ထုဇာတ်ညွှန်း ဗိုလ်ကြီးတင်အောင်စိုး [ကလောင်အမည် တင်အောင်စိုး (ပန်းမြို့တော်)] က ရေးသားပြီး သူထူးစံ၊ သက်မွန်မြင့်၊ သဇင်၊ မင်းဟိဏ်းနှင့် ပြေတီဦး စသည့်ရုပ်ရှင်သရုပ်ဆောင်ပေါင်းများစွာဖြင့် ရိုက်ကူးပြီးစီးခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် မကြာမီ ထုတ်လွှင့်တော့မည့် "သစ္စာမော်ကွန်း" ရုပ်မြင်သံကြားဇာတ်လမ်း၌ ဝတ္ထုဇာတ်ညွှန်းရေးသားသူ တင်အောင်စိုး (ပန်းမြို့တော်)နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ သစ္စာမော်ကွန်းဇာတ်ကား ဇာတ်ညွှန်းကို မည်သည့် ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့မှုများအား မေးမြန်းခဲ့ရာ "တပ်မတော်သားတွေရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ ရဲဘော်အချင်းချင်း တစ်ဦးပေါ်တစ်ဦး ထားတဲ့မေတ္တာ၊ သစ္စာနဲ့ သံယောဇဉ်တွေကို ဖော်ကျူးချင်တာရယ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကို အဓိကဦးတည်ချင်တာရယ်တွေနဲ့ ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်" ဟု တင်အောင်စိုး (ပန်းမြို့တော်)က ရှင်းပြသည်။

ထို့အပြင် ပေးအပ်သည့် အမိန့်နဲ့တာဝန်ကိုပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်တတ်တဲ့ တပ်မတော်သားတွေရဲ့အကြောင်းကို တပ်မတော်သားတစ်ဦးချင်း

စာမျက်နှာ ၂ ကော်လံ ၁ သို့ ⇨

ထူးခြားဆန်းပြားသော မြင်ကွင်းရိုက်ချက်ရရှိရန်အတွက် ကြိုးစားပမ်းစားရိုက်ကူးနေသည့် ရိုက်ကွင်းတစ်နေရာကို ဤသို့ တွေ့ရသည်။